နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၁)၊ အမှတ် (၈၄)

ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေး

ယနေ့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲနေခြင်းသည် နိုင်ငံတော်၏ အင်အားရှိနေခြင်းကြောင့်ဖြစ်သည်။ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားလျှင် နိုင်ငံတော်၏အင်အားလည်း ရှိတော့မှာမဟုတ်ချေ။ သို့ဖြစ်၍ ပြည်ထောင်စုကြီး တစုတစည်းတည်း တည်ရှိရေးအတွက် အတွေးအခေါ်ပိုင်း၊ စိတ်ဓာတ်ရေးရာအပိုင်းအရ ပြည်သူများကို စည်းရုံးဦးဆောင်သွားကြဖို့လိုသည်။ ပြည်သူများတိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြားလာလျှင် ပြည်ထောင်စုစိတ်ဓာတ်လည်း တိုးတက်ထွန်းကားလာမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

၂၀၀၀ပြည့်နှစ် ဩဂုတ် ၄ ရက်တွင်ကျင်းပခဲ့သည့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသင်တန်းဆင်းပွဲမိန့်ခွန်းမှ-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂျပန်နိုင်ငံကေရာင်ဘုရင်အကီဟီတို၏မွေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်၌ကျရောက်သော ဂျပန်နိုင်ငံ ဧကရာဇ်ဘုရင် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂျပန်ဧကရာဇ်ဘုရင် အကီဟီတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘာ့အကြီးဆုံးတမံစာရင်းဝင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းစစ်ဆေး

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို စံချိန်စံညွှန်းကောင်းပြီး သတ်မှတ်ကာလအတွင်းပြီးရေး နေ့ရောညပါတည်ဆောက်

စီမံကိန်းတွင်အသုံးပြုမည့်ပိုဇိုလန်ကို အခြားလုပ်ငန်းများ၌အသုံးပြုနိုင်ရေးနှင့် စီးပွားဖြစ်ရောင်းချနိုင်ရေးလမ်းညွှန်မှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် *စာမျက်နှာ ၆ ကော်လံ ၁*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် စိုပြည်သာယာလှပရေးဆောင်ရွက် ထင်ရှားကျော်ကြားသည့် ဥယျာဉ်ကြီးဖြစ်ရေး တက်ညီလက်ညီကြိုးပမ်း

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းပြည်ပသစ်မျိုးများ၊ ဝါးမျိုးများ၊ သစ်ခွ၊ ရွက်လှစသည့် သစ်ပင်ပန်းပင်များ စုဆောင်းစိုက်ပျိုးထားရှိသည်။ ယင်းဥယျာဉ်တွင် ရှားပါးတိရစ္ဆာန်များဖြစ်သည့် သားမင်း၊ ရွှေသမင်၊ ကြယ်လိပ်၊ ဒေါင်းစိမ်း၊ ဒေါင်းဖြူတို့ မွေးမြူပြသထားသည့်အပြင် စိမ်းလန်းစိုပြည်သာယာလှပရေးကိုလည်း ဆောင်ရွက်ထားရှိသည်။

ထို့အပြင် ခေတ်မီအဆင့်မြင့် နန်းမြင့်မျှော်စင်ကြီးကိုလည်း တည်ဆောက်ထားရှိရာ နန်းမြင့်မျှော်စင်မှ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာလ ၁၈ရက်နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ နန်းမြင့်မျှော်စင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

"မြန်မာနိုင်ငံရှိ သစ်မျိုးစုံ၊ ဝါးမျိုးစုံ၊ သစ်ခွမျိုးစုံ၊ပန်းပင်မျိုးစုံတို့ကို အမျိုးသား ကန်တော်ကြီး ဥယျာဉ် တစ်နေရာတည်းတွင် စုစုစည်းစည်း လေ့လာမှတ်သား ကြည့်ရှုနိုင်အောင် ပြည့်ပြည့်စုံစုံ စုဆောင်းပြသထားရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းအလိုက် ထင်ထင်ရှားရှား တည်ရှိသည့် Natural Land Mark များ၏ ပုံတူများကို ကြည့်ချင်စဖွယ်၊ ဗဟုသုတဖြစ်ဖွယ်၊ လည်ချင်စဖွယ်ဖြစ်အောင် စီစဉ်ပြသသွားရန်လည်းလိုကြောင်း၊ တဖြည်းဖြည်း Land Mark Garden of Myanmar ဖြစ်အောင်၊ ထင်ရှားကျော်ကြားသည့် ဥယျာဉ်ကြီးတစ်ခုဖြစ်အောင်၊ ပျော်ရွှင်ချမ်းမြေ့ကြည်နူးစွာဖြင့် လေ့လာအပန်းဖြေနိုင်သည့် ဥယျာဉ်ကြီးတစ်ခုဖြစ်အောင် တစ်ဆင့်ပြီး တစ်ဆင့် ကြိုးပမ်းတည်ဆောက်သွားရန် ဖြစ်ကြောင်း"

မှာကြားသည်။

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ နန်းမြင့်မျှော်စင်ကို ဒီဇင်ဘာ၁၈ရက် နံနက်ပိုင်းက ဖွင့်လှစ်ရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် Asia World Co., Ltd.မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့က နန်းမြင့်မျှော်စင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက နန်းမြင့်မျှော်စင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နန်းမြင့်မျှော်စင်သည် ၁၅၂ပေမြင့်ပြီး ပြာသာဒ်မှာ ၆၃ ပေအမြင့်ရှိသည်။ စုစုပေါင်း ၂၁၅ပေမြင့်ပြီး မျှော်စင်အချင်းမှာ ပေ ၄၀ ဖြစ်သည်။ နန်းမြင့်မျှော်စင်အမြင့်သို့ တက်ရောက်ရန် ၁၂ယောက်စီး ဓာတ်လှေကားနှစ်စင်း ထည့်သွင်းတည်ဆောက်ထားရာ ရိုးရိုးလှေကားဖြင့်လည်း တက်နိုင်ပြီး လှေကားမှာ ရှစ်ပေကျယ်ကြောင်း သိရသည်။

နန်းမြင့်မျှော်စင်တွင် မြေညီထပ်အပါအဝင် ၁၂ထပ်ပါရှိပြီး မြေညီထပ်၌ ဧည့်ကြိုဆောင်၊ အမှတ်တရပစ္စည်း အရောင်းခန်းမ၊ စားသောက်ဆိုင်၊ မီးဖိုဆောင်၊ ဝန်ထမ်းနားနေဆောင်၊ အလှပြင်ခန်းနှင့် သန့်စင်ခန်းတို့ပါရှိသည်။ ခြောက်ထပ်တွင် ပစ္စည်းသိုလှောင်ခန်းများရှိပြီး ခုနစ်ထပ်၌ သန့်စင်ခန်းများနှင့် ရှစ်ထပ်နှင့်ကိုးထပ်တွင် စားသောက်ဆိုင်ခန်းများ ပါရှိသည်။ ၁၀ထပ်တွင် မှန်ပတ်လည် ကာရံထားသော လူ ၁၀၀ဆံ့ ကြည့်ရှုဆောင် Viewing Deck ရှိ၍ ၁၁ ထပ်တွင် အခမ်းအနားများ၊ အစည်းအဝေးများ ကျင်းပနိုင်သည့် Reserved ခန်း ပါရှိကြောင်း သိရသည်။

သို့ဖြစ်ရာ တာဝန်ရှိသူများအနေဖြင့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် စိမ်းလန်းစိုပြည် သာယာလှပရေး ဆောင်ရွက်ရင်း အများပြည်သူတို့ အပန်းဖြေချင်စဖွယ်၊ ကြည့်ချင်ဖွယ်၊ ဗဟုသုတဖြစ်ဖွယ်၊ ထင်ရှားကျော်ကြားသည့် ဥယျာဉ်ကြီးဖြစ်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂၂

ဗဟိုသမဝါယမအသင်းလီမိတက်၏ ၂၀၀၂-၂၀၀၃ခု ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက် နံနက်၁၀နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် သဘာပတိ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးဝင်းစိန်က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာကို ဗဟိုသမဝါယမအသင်း အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်တင့်ကလည်းကောင်း၊ ရှေ့လုပ်ငန်းစဉ်များကို ဒါရိုက်တာအဖွဲ့ဝင် ဦးထွန်းရီကလည်းကောင်း၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အကျိုးငွေ ခွဲဝေမှုစာရင်းများကို ဒါရိုက်တာအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးချစ်ဆွေကလည်းကောင်း ဖတ်ကြားတင်ပြသည်။

ယင်းနောက် အသင်းသား စာရင်းစစ်အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့ဝင် ဦးပေါဟိန်းက ဖတ်ကြားတင်ပြသည်။ ထို့နောက် လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အကျိုးငွေခွဲဝေမှု စာရင်းများကို အတည်ပြုနိုင်ရန် ဦးစီးကော်မတီဝင် ဦးသိန်းလွင်က အဆိုပြု၍ ဦးစီးကော်မတီဝင် ဦးခင်မောင်ဝင်းက ထောက်ခံသဖြင့် သဘာပတိက အတည်ပြုပေးသည်။

အတည်ပြု

ထို့နောက် လစ်လပ်လျက်ရှိသော ဒါရိုက်တာအဖွဲ့ဝင် သုံးဦးနေရာတွင် ဦးစီးကော်မတီဝင် ဦးစိန်ဌေး၊ ဦးစိုးဝင်းဦးနှင့် ဦးရယ်ဇန်းတို့အား အစားထိုးတာဝန်ပေး ရွေးချယ်ခြင်းကို သဘာပတိက အတည်ပြုကြေညာပေးသည်။ ထို့နောက် ရွေးချယ်ခံရသော ဒါရိုက်တာအဖွဲ့ဝင်သုံးဦးက သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြုကြသည်။ **(သတင်းစဉ်)**

ကွန်ပျူတာနည်းပညာပြပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

KMD Computer Centreမှ ၂၀၀၃ ခု နှစ်ကုန်ပိုင်းအတွက် ဈေးကွက်အတွင်း ထပ်မံရောက်ရှိလာသည့် နောက်ဆုံးပေါ် ကွန်ပျူတာဆက်စပ်သုံးပစ္စည်းများပြပွဲကို ဒီဇင်ဘာ ၂၈ရက်တွင် Strand Hotel မင်္ဂလာခန်းမတွင် မွန်းတည့် ၁၂ နာရီမှ ညနေ၅အထိ ကျင်းပမည်ဖြစ်သည်။

ထိုပြပွဲတွင် နောက်ဆုံးပေါ် နည်းပညာသုံး ကွန်ပျူတာများ၊ စွမ်းဆောင်ရည်မြင့် Hardware Peripheral များ၊ ကွန်ပျူတာနည်းပညာဆိုင်ရာ စာအုပ်များနှင့် လူသုံးများလာပြီဖြစ်သော ဒီဂျစ်တယ် နည်းပညာသုံး ကင်မရာများကို ခင်းကျင်းပြသ ရောင်းချပေးသွားမည် ဖြစ်သည်။ ကွန်ပျူတာတစ်စုံ ဝယ်ယူသူတိုင်း ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းမှု သင်တန်း သို့မဟုတ် Introduction to Internet သင်တန်းကို KMD သင်တန်းကျောင်းတွင် အခမဲ့ ရွေးချယ်တက်ရောက်နိုင်မည် ဖြစ်သည်။

လက်ရှိ KMD ကွန်ပျူတာ အရောင်းခန်းမကို အမှတ် (၅၅၀-၅၅၂) ကုန်သည်လမ်းနှင့် (၃၆)လမ်းထောင့်၊ ကျောက်တံတား မြို့နယ်တွင် ဖွင့်လှစ်ထားရှိသည်။ ၎င်းအပြင် ကွန်ပျူတာ အရောင်းစင်တာခွဲများကို အမှတ် (၅၅-၅၇)ပထမထပ် ဆိပ်ကမ်းသာလမ်း ကျောက်တံတား မြို့နယ်နှင့်အမှတ် (၁၈) ရွှေပုန်းညက် ရိပ်မွန်အိမ်ရာ ရေကြောင်းသိပ္ပံအနီး ကမာရွတ်မြို့နယ်တို့တွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဖုန်း-၃၈၁၇၇၆၊ ၂၄၅၁၈၀၊ ၂၀၄၀၇၁၊ ၂၄၃၅၉၅၊ ၅၀၀၂၉၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)



နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်း သာကေတမြို့နယ် (၃)မာန်ပြေရပ်ကွက် မာရဝိဇယဓမ္မာရုံကြီးတွင် ဒီဇင်ဘာ ၂၅ ရက်ညတွင် ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမှတ် (၁၂၂) ၃၈ လမ်း (အောက်) ရန်ကုန်မြို့ ဖုန်း-၂၅၁၂၁၁ က ထုတ်ဝေဖြန့်ချိသော ဆရာညီညီ စီစဉ်သည့် ဓာတုဗေဒ စာမေးပွဲ လမ်းညွှန်စာအုပ်။ (က-ပ)

အမျိုးသားစာပေဆုရှင် ထပ်ဆင့်ဂုဏ်ပြု

ရန်ကုန် ဒီဇင်ဘာ ၂၂

၂၀၀၂ခုနှစ်အတွက် အမျိုးသားစာပေဆုများ ရရှိခဲ့ကြသော စာရေးဆရာမ မစန္ဒာ၊ ရေနံမြေ မောင်မောင်ကြည်နှင့် သန်းမြင့်အောင်တို့အား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို အလုံမြို့နယ်ခန်းမတွင် ဒီဇင်ဘာ ၁၃ရက် ညနေ ၅နာရီက ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)၊ဦးခင်ဆွေ(ရွှေစွန်ညို)၊ ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသော ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)၊ ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စာရေးဆရာ စာရေးဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာရေးဆရာ မြင်းမူမောင်နိုင်မိုး၊ ဒေါက်တာလမင်း၊ မိုးပန်းမွှန်(ရာမည)တို့က အမျိုးသားစာပေဆုရ စာရေးဆရာသုံးဦးတို့အား ဂုဏ်ပြု အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ညစာဖြင့် တည်ခင်းဧည့်ခံကာ ည ၈နာရီတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားတွင် စာရေးဆရာ စာရေးဆရာမများ ဦးစီးသော နိုင်ငံ့ဂုဏ်ရည် မြန်မာမှုတေးဂီတအဖွဲ့က စန္ဒရားမောင်ခင်လှနှင့် တွဲဖက်ကာ တေးသံသာများဖြင့် ဖျော်ဖြေကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်ဆည်မြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်မှ

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မန္တလေးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ကျောက်ဆည်ဆင်အကအဖွဲ့တို့ တက်ရောက်ကြသည်။

အစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun တို့က မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စက်ရုံကမ္ပည်းမော်ကွန်းလွှာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထွန်းစက်များရောင်းချမှုတင်ပြ

ဆက်လက်၍ စက်ရုံရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်ချက်နှင့်အညီ စက်ရုံကို တည်ဆောက်ခဲ့မှု၊ စက်ရုံစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ လက်တွန်းထွန်စက်နှင့် စပါးရိတ်စက်များ နှစ်အလိုက် ထုတ်လုပ်ရန် လျာထားမှု၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ တီထွင်ထုတ်လုပ်နေမှု၊ ဝန်ထမ်းအင်အား၊ အလုပ်ရုံအလိုက် တပ်ဆင်ထားသည့်စက်ကိရိယာ အမျိုးအစားနှင့်အရေအတွက်များ၊ တောင်သူလယ်သမားများအား လက်တွန်းထွန်စက်များကို ရောင်းချရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ပိုမိုထုတ်လုပ်ရန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လယ်ယာလုပ်ငန်းတွင် ထိထိရောက်ရောက်သုံးနိုင်သည့် စက်ပစ္စည်းများဖြစ်အောင်၊ သုံးစွဲသူ တောင်သူလယ်သမားများအတွက်သုံးစွဲရာ၌ ကရိကထမများဘဲ ရေရှည်ခိုင်ခံ့ကောင်းမွန်သည့် လယ်ယာသုံးစက်ကိရိယာများဖြစ်အောင် ကြိုးပမ်းထုတ်လုပ်သွားကြရန်၊ စပါးရိတ်သိမ်းခြွေလှေ့စက်များကို အမှတ်(၂) စက်မှု ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ပိုမိုထိရောက်ကောင်းမွန်အောင် ထုတ်လုပ်သွားရန် လမ်းညွှန်မှာကြားသည်။

အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်ဆည်မြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံဖွင့်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ၏ အမှတ်(၁)အလုပ်ရုံ၊ အမှတ်(၂) အလုပ်ရုံ၊ အမှတ်(၃)အလုပ်ရုံတို့ကို လှည့်လည်သွားရောက်ပြီး အလုပ်ရုံအလိုက် ထုတ်လုပ်သည့် လက်တွန်းထွန်စက်နှင့် စပါးရိတ်စက်အစိတ်အပိုင်းများ ထုတ်လုပ်ထားမှုများနှင့် အလုပ်ရုံအလိုက် တပ်ဆင်ထားသော ခေတ်မီစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သံရည်ကျိုအလုပ်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စက်မှုလယ်ယာဦးစီးဌာနအောက်ရှိ စက်ရုံ၊ အလုပ်ရုံများက စမ်းသပ်ထုတ်လုပ်ထားသည့် စက်များကို ဝန်ကြီးနှင့်တာဝန်ရှိသူများက ရှင်းလင်းပြသကြရာ ရှေးဦးစွာ ထွန်စက်အခြေခံ မြေထိုးစက် (Mini Dozer)၊ ဒိုက်ဖြတ်စက် (Aqualic Plant Harvester)၊ ကြံခုတ်စက် (Sugarcane Harvester) တို့ကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရိတ်သိမ်းခြွေလှေ့စက် (Combine Harves ter)၊ လယ်ယာ(၁၆) လက်တွန်းထွန်စက်၊ ရိတ်စက် (Reaper)၊ သိပ္ပံထည် (Mould Board Plough) တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လက်တွန်းထွန်စက်၊စပါးရိတ်စက်၊ဒိုက်ဖြတ်စက်၊မြေထိုးစက်တို့၏ စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

သွင်းကုန်အစားထိုးစက်ရုံဖြစ်သည့် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံကို ၂၀၀၁ ခုနှစ် ဇွန်လတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း စက်များကို စမ်းသပ်လည်ပတ်ခဲ့သည်။

စက်ရုံက တစ်နှစ်လျှင် မြင်းကောင်ရေ (၁၆)အင်ဂျင်အပါအဝင် လက်တွန်းထွန်စက်အစီး ၁၀၀၀၀ နှင့် မြင်းကောင်ရေ (၆)အင်ဂျင်အပါအဝင် စပါးရိတ်စက်အစီး ၅၀၀၀ ထုတ်လုပ်ရန် လျာထားသည်။ ထို့ပြင် ရိတ်သိမ်းခြွေလှေ့စက်နှင့် အခြားလယ်ယာသုံးစက်ပစ္စည်းများကိုလည်း ပူးတွဲထုတ်လုပ်ရန်လျာထားသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် တန့်ယန်းမြို့သို့ ရောက်ရှိပြီး တန့်ယန်းမြို့ ရန်အောင်မြင်ရိပ်သာ၌ ဒေသမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တန့်ယန်းမြို့နှင့်နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ယင်းမှ တစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် တန့်ယန်းမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းသားအိပ်ဆောင်များ၊စာသင်ခန်းများ၊လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တာကော်အက်တံတားသို့ ရောက်ရှိ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိုင်းပတ်-ပန်ဆန်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်းအတွက် တာကော်အက် စုပုံစခန်းမှ ကတ္တရာများ သယ်ယူပို့ဆောင်မှုအခြေအနေနှင့် တံတားပြုပြင်ထိန်းသိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မံမန်ဆိုင်နှင့် မိုင်းပတ်ကြား ကတ္တရာခင်းပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ကုန်းဆာကျေးရွာကျောက်ထုတ်စခန်းသို့ ရောက်ရှိ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရောင်အူကျောက်ထုတ်လုပ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးပြီး ရောင်အူ-ကုန်းဆာ လမ်းပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ယင်းမှ ဆက်လက်ထွက်ခွာရာ ဝိန်းကောင်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ဝိန်းကောင်တွဲဖက် အထက်တန်းကျောင်းခန်းမ၌ နယ်စပ် ဒေသဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှာကြားကာ ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပန်ဆန်းမြို့သို့ရောက်ရှိပြီး ပန်ဆန်းမြို့ ပြည်သူ့ဆေးရုံ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊ စာတိုက်၊ ကြေးနန်းနှင့် တယ်လီဖုန်းရုံး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပျိုးခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

လုံခြုံရေးစောင့်ကြပ်

ဒီဇင်ဘာ ၂၁ ရက်က အီရတ်နိုင်ငံ ရာမာဒီမြို့၌ နေအိမ်များအတွင်း စီးနင်းရှာဖွေမှုပြုလုပ်စဉ်အတွင်း စစ်ယာဉ်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေး စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆာမာရာမြို့ကို အမေရိကန်တပ်များစီးနင်းမှု အီရတ်တို့ဒေါသထွက် အဆောက်အအုံများနှင့် အိမ်များကို ဖျက်ဆီးပစ်ဟုဆို

ဆာမာရာ ဒီဇင်ဘာ ၂၁

အီရတ်တွင်ရှိသော အမေရိကန်တပ်များကို ဒုက္ခအခက်အခဲပေးဆုံးနေရာအဖြစ် ပေါ်ပေါက်ခဲ့သော ဆာမာရာမြို့တွင် အရပ်သားများကို သေဆုံးမှုဖြစ်စေသော တိုက်ခိုက်မှုများရပ်ကြရန် အီရတ်အကြီးအကဲများက တောင်းဆိုမှုများထွက်ပေါ်နေစဉ်အတောအတွင်း တိုက်ခိုက်မှု များသည် လျော့ကျသွားခဲ့သည်။

တိုက်ခိုက်မှုများသည် ဆာမာရာမြို့တွင် အင်္ဂါနေ့က စပြီး သိသာထူးခြားသော တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းမရှိဟု ဆိုသည်။ အဘယ်ကြောင့် တိုက်ပွဲများလျော့ကျသွားသည်ကို မသိဘဲဖြစ်နေသည်။

ပစ်ခတ်မည်

ထိုအတောအတွင်း တိုက်ခိုက်ရေးသမားတစ်ဦးက အမှတ်(၄)ခြေမြန်တပ်မမှ တပ်ဖွဲ့ဝင် ၂၅၀၀ နီးပါးခန့်သည် လမ်းများအားလုံးပေါ်၌ ရှိနေကြကြောင်း၊ မိမိတို့က သူတို့ကိုပစ်ခတ်လျှင် ပြည်သူများထိမှန်ကြမည် ဖြစ်ကြောင်း၊ သေနတ်တစ်ချက်ပစ်ခတ်လျှင် တစ်လမ်းလုံး ပစ်ခတ်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒေါသထွက်

ဆာမာရာမြို့တွင်း၌ အမေရိကန်တပ်များ မကြာသေးမီက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ခြင်းအပေါ် အီရတ်လူမျိုးအများအပြား ဒေါသထွက်ခဲ့ကြသည်။

မခံမရပ်နိုင်ပြောဆို

တပ်ဖွဲ့ဝင်များသည် တိုက်ခိုက်ရေးသမားများကို ရှာဖွေရာတွင် အဆောက်အအုံများကို ဖျက်ဆီးကြပြီး အိမ်တံခါးများကို တံခါးခေါက်ခြင်းမရှိဘဲ ဖြိုချဖျက်ဆီး ပစ်ကြကြောင်း ဒေသခံများက မခံမရပ်နိုင်ပြောခဲ့ကြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ကန်ထရိုက်ဆွဲခွင့်ပိတ်ပင်ရန် အမေရိကန်၏ ဆုံးဖြတ်ချက် နိုင်ငံခြားအစိုးရများ ဒေါသထွက်လျက် ရှိနေကြ

နယူးယောက် ဒီဇင်ဘာ ၂၀

အီရတ်တွင် ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများကို ကန်ထရိုက်ဆွဲခြင်းမှ သဘောထားကွဲလွဲသော နိုင်ငံများကို ပိတ်ပင်ရန် အမေရိကန်၏ဆုံးဖြတ်ချက်အပေါ် နိုင်ငံခြားအစိုးရများက ဒေါသထွက်နေကြဆဲရှိကြောင်းနှင့် ယင်းဆောင်ရွက်ချက်သည် အမေရိကန်ကုမ္ပဏီကြီးအချို့ကို ပြန်ခြောက်လှန့်လာမည်ဖြစ်ကြောင်း နိုင်ငံတကာဆိုင်ရာ ကုန်သွယ်ရေးကျွမ်းကျင်သူများက ဆိုကြသည်။

အမေရိကန်အိမ်ဖြူသည် ပြင်သစ်၊ ဂျာမနီနှင့် ကနေဒါကဲ့သို့ အီရတ်စစ်ပွဲကို ကန့်ကွက်ခဲ့ကြသော နိုင်ငံများအား ဒေါ်လာ ၁၈ ဒသမ ၆ ဘီလီယံ တန်ဖိုးရှိသော ကန်ထရိုက်လုပ်ငန်းများကို နောက်တစ်ကြိမ် ကန်ထရိုက်ယှဉ်ပြိုင်ဆွဲခြင်းမှ ချန်လှပ်ထားရန်ဆုံးဖြတ်ချက်ကို ကာကွယ်ထားသည်။

သို့ရာတွင် ကုန်သွယ်ရေးရှေ့နေများက ထိုနိုင်ငံများသည် ဆောက်လုပ်ရေးစီမံကိန်းများနှင့် အခြား ကန်ထရိုက်များကို ဂျယ်နရယ်အီလက်ထရစ် သို့မဟုတ် ဘိုးရင်းကဲ့သို့ အမေရိကန်ကုမ္ပဏီများအား ယှဉ်ပြိုင်ခွင့်ပေးခြင်းကို ငြင်းဆိုခြင်းဖြင့် ယခုသီတင်းပတ်၌ လက်တုံ့ပြန်လာကြလိမ့်မည်ဟု ပြောဆိုကြသည်။

အီရတ်၏ ကန်ထရိုက်လုပ်ငန်းများကို ဈေးပြိုင်ဆွဲခြင်းမှ ပိတ်ပင်တားမြစ်ခြင်းခံရသော နိုင်ငံများမှာ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ ဆွီဒင်၊ ဩစတြီးယားနှင့် ဆွစ်ဇာလန်နိုင်ငံတို့ ဖြစ်ကြသည်။

(အင်တာနက်)

ဆန္ဒပြ

ဒီဇင်ဘာ ၂၁ ရက်က ဘဂ္ဂဒက်ရှိ အမေရိကန်တို့ ခန့်အပ်ထားသော အီရတ်အုပ်ချုပ်ရေးကောင်စီရုံး ရှေ့တွင် မကျေနပ်ချက်များကို တောင်းဆိုဆန္ဒပြနေကြသော အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေနံပိုက်လိုင်း ဖောက်ခွဲ၊ ဓာတ်ဆီလှောင်ကန်များကို ပစ်ခတ်မီးရှို့ မိုဆူးလ်မြို့၌ အမေရိကန်စစ်ယာဉ်တန်းကို ဒုံးပစ်လောင်ချာဖြင့်ပစ်ခတ်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၁

ဖမ်းဆီးမိထားသော ဆက်ဒမ်ဟူစိန်၏ အနိုင်အမာဒေသများတွင် အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေဖမ်းဆီးမှုများ တနင်္ဂနွေနေ့က ပြုလုပ်နေချိန်တွင် အီရတ်တိုက်ခိုက်ရေးသမားများက ရေနံပိုက်လိုင်းတစ်လိုင်းကို ဖောက်ခွဲလိုက်ပြီး ဓာတ်ဆီလှောင်ကန်များကို ပစ်ခတ်မီးရှို့ကြသည်။

တိုက်ခိုက်ရေးသမားများသည် ဘဂ္ဂဒက်တောင်ဘက်တွင်ရှိသော ဓာတ်ဆီလှောင်ကန်များကို စနေနေ့၌ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်သဖြင့် မီးစွဲလောင်ရာ ဓာတ်ဆီ ဂါလန် ၂ ဒသမ ၆ သန်း မီးလောင်ကျွမ်း သွားခဲ့သည်။

ဒုံးပစ်လောင်ချာမှာ ဖြတ်သွားသော အရပ်ဘက်မော်တော်ယာဉ်တစ်စီးကို ထိမှန်ခဲ့ရာ ယာဉ်မောင်းမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ အဆိုပါ ထရပ်ကားသုံးစီး ယာဉ်တန်း၌ ပါရှိသော အမေရိကန်တပ်ဖွဲ့ဝင်အချို့မှာ ၎င်းတို့ ယာဉ်များ၏ အပြင်ဘက်၌ ရှိနေကြပြီး ထိခိုက်ခြင်းမရှိဟု သိရသည်။ **(အင်တာနက်)**

ပေါက်ကွဲ

စနေနေ့ကလည်း ဘဂ္ဂဒက်မြောက်ဘက် ၁၅ မိုင်ရှိ မာရှာဒါဒေသတွင် ရေနံပိုက်လိုင်းတစ်လိုင်း ပေါက်ကွဲခဲ့ရာ ဖောက်ခွဲမှုဖြစ်သည်ဟု ဆိုသည်။

အားနည်း

အီရတ်နိုင်ငံ၏ ရေနံအခြေခံအဆောက်အအုံကို ဆက်လက်တိုက်ခိုက်ခြင်းသည် ပူးပေါင်းတပ်ဖွဲ့ကို တဖြည်းဖြည်းချင်း အားနည်းစေရန် ရည်ရွယ်ပုံရသည်။

ပစ်ခတ်

တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ပြောက်ကျားများက ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၂၅၀ ရှိ မိုဆူးလ်မြို့တွင် ရဲတပ်ဖွဲ့ဝင်သစ် စုဆောင်းရေးဌာန၌ ရှိသော အမေရိကန်စစ်ဘက်ယာဉ်တန်းတစ်ခုကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့သည်။

လစ်ဗျားနိုင်ငံ၏ အဖျက်စွမ်းအားကြီး လက်နက်များအားလုံး ဖျက်ဆီးပစ်ရန် ဆုံးဖြတ်ကြောင်း လစ်ဗျားကြေညာချက်ထုတ်ပြန်

ထရီပိုလီ ဒီဇင်ဘာ ၂၁

လစ်ဗျားနိုင်ငံက ယင်း၏ အဖျက်စွမ်းအားကြီးမားသော လက်နက်များအားလုံးကို ဖျက်ဆီးမည် ဖြစ်ကြောင်း ထရီပိုလီမြို့၌ပြောကြားလိုက်သည်။ လစ်ဗျားနိုင်ငံသည် နိုင်ငံတကာ ဆိုင်ရာပိတ်ပင်တားမြစ်ထားသော အဖျက်စွမ်းအားကြီးမားသည့် လက်နက်များကို လုံးဝဖျက်ဆီးပစ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ကြေညာချက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

အမေရိကန်နှင့် ဗြိတိန်တို့မှ ကျွမ်းကျင်သူများနှင့် အစည်းအဝေးများ ပြုလုပ်အပြီး၌ ယင်းသဘောတူချက်ကို ရရှိခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

လစ်ဗျားနိုင်ငံက ထိုအဖျက်စွမ်းအားကြီးမားသော လက်နက်များဖျက်သိမ်းရေးနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်သည် အရှေ့အလယ်ပိုင်းနှင့် အာဖရိကကို နျူကလီးယားကင်းသည့် ဒေသဖြစ်စေရန် ပေးထားသောကတိနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ ရိုက်တာ

နိုင်ငံတကာသတင်းများ

ဆက်ဒမ်ကို တရားရုံးတင်ပြီး စစ်ဆေးခြင်းထက် ဘုရှ်ကိုသာ တရားရုံးတင်စစ်ဆေးရန်တောင်းဆို

ဒါကာ ဒီဇင်ဘာ ၂၀

ဖမ်းမိထားသော အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်ကို တရားရုံးတင်စစ်ဆေးသည်ထက် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်ကိုသာ တရားရုံးတင်စစ်ဆေးရန် ဘင်္ဂလားဒေ့ရှ်ပြည်သူ ၅၀၀ကျော်တို့က ဒါကာမြို့တွင် ကြွေးကြော်သံများကို အော်ဟစ်ကြွေးကြော်ခဲ့ကြသည်။

ဘုရှ်ကို ကြိုးပေးရန် မိမိတို့လိုလားကြောင်း၊ ဆက်ဒမ်ကို ကြိုးပေးရန်မလိုလားကြောင်း ဆန္ဒပြသူများကဒါကာမြို့၌ သောကြာနေ့က အော်ဟစ်ခဲ့ကြသည်။

မဖြစ်ပေါ်

လက်နက်ကိုင်အကြမ်းဖက်မှု နှိမ်နင်းရေးတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများနောက်က လိုက်ပါခဲ့ကြသော်လည်း အကြမ်းဖက်မှု တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ခြင်းမရှိဟု သိရသည်။

ကြေညာချက်ထုတ်

သီးခြားအားဖြင့် အခြားအဖွဲ့အစည်းတစ်ခုက ကြေညာချက်ထုတ်ပြန်ရာ၌ ဘုရှ်ကို နိုင်ငံတကာတရားရုံးတင်စစ်ဆေးရန်၊ ဆက်ဒမ်ကို စစ်ရာဇဝတ်ကောင်အဖြစ် မစစ်ဆေးရန် ကြေညာချက်ထုတ်ခဲ့သည်။

(အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

ဒီဇင်ဘာ ၂၂ ရက်က ခါဒီဆီယာမြို့တွင် ညဘက်စီးနင်းရှာဖွေမှုတစ်ရပ်ပြုလုပ်စဉ် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ လုံခြုံရေးအခြေအနေ တည်ငြိမ်လျှင် ကုလဝန်ထမ်းများတာဝန်ပြန်လည်ထမ်းဆောင်စေမည်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၁

အီရတ်နိုင်ငံ၏ အနာဂတ်အရေး၌ ကုလသမဂ္ဂအနေဖြင့် အဓိကကျသော အခန်းကဏ္ဍက ပါဝင်သင့်ကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

ထိုအတောအတွင်း ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဇန်နဝါရီ ၁၅ရက်တွင် အီရတ်အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်များ၊ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂကို သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲကျင်းပလိုကြောင်း ဖိတ်ခေါ်ခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် အီရတ်နိုင်ငံ၏ အသွင်ကူးပြောင်းမှုကာလအတွင်း ပါဝင်ဆောင်ရွက်ရမည့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍသတ်မှတ်ရေးကို အဓိကထား ဆွေးနွေးကြမည်ဖြစ်သည်။

အမေရိကန်နှင့် အီရတ်အုပ်ချုပ်မှုကောင်စီတို့ သတ်မှတ်ထားသော နိုဝင်ဘာလ အချိန်ဇယား သဘောတူညီချက်မှာ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်း ကိုဖီအာနန်က ပြောကြားခဲ့သည်။ ထို့အပြင် အီရတ်နိုင်ငံတွင်း လုံခြုံရေးတည်ငြိမ်လာလျှင် ကုလသမဂ္ဂ ဝန်ထမ်းများအား သွားရောက်တာဝန်ထမ်းဆောင်စေမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

အီရတ်ဆေးရုံများတွင် ဝန်ထမ်းများလိုအပ်နေ ဆေးများပြတ်လပ်ပြီး ကုသမှုစနစ်ချို့ယွင်းလျက်ရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၀

အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေများကြောင့် ဆေးကုသမှုစနစ်သည် ချို့ယွင်းမှုများဖြစ်ပေါ်နေပြီး ပြုပြင်ပြောင်းလဲမှုများ လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။ ဆေးရုံများမှာ ဝန်ထမ်းများ လိုအပ်နေပြီး ဆေးဝါးပစ္စည်းလည်း ပြတ်လပ်လျက်ရှိသည်။

ယခုကဲ့သို့ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုစနစ် လျော့ရဲလာသည့်အတွက် အီရတ်ကလေးငယ်များမှာ အဆင့်မြင့်ဆေးဝါး စောင့်ရှောက်မှု မရရှိနိုင်ဘဲ ဖြစ်နေသည်။ အသက် (၁၂)နှစ်အရွယ်ရှိ နူအာ၏ ညာဘက်မျက်စိအနောက်တွင် အကျိတ်ရှိနေသည့်အတွက် မျက်စိကောင်းစွာမမြင်ရဘဲ ကုသမှုချက်ချင်းမခံယူပါက အသက်သေဆုံးရဖွယ်ရှိကြောင်း သိရသည်။ အီရတ်ရှိ သံရုံးအနည်းငယ်ကသာ နူအာအတွက် ဗီဇာထုတ်ပေးလိုကြပြီး ဆေးကောင်စီက ထောက်ခံချက်ပြုမှသာ ဗီဇာပေးမည်ဖြစ်သည်။

သို့ရာတွင် ယခုကဲ့သို့သော အခြေအနေတွင် ဆရာဝန်များ၏ ထောက်ခံချက်ရရန် ခက်ခဲနေသည့်အပြင် ဆေးဝါးကုသစရိတ်လည်း ကြီးမြင့်သည့်အတွက် ၎င်း၏အိမ်ကိုပင် ရောင်းချထားရသည်။ အီရတ်နိုင်ငံတွင်း ဆေးဝါးကုသမှုစနစ် အဆင့်မြင့်ပြီး ၎င်းအနေဖြင့် ဗီဇာနှင့်ငွေရေးကြေးရေး အကူအညီရရှိမှသာ နူအာ၏ အသက်ကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဒီဇင်ဘာ၂၁ရက်က အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ မန်ချက်စတာယူနိုက်တက်အသင်းနှင့်တော့တင်ဟမ် ဟော့စပါးအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် တော့တင်ဟမ်၏ တိုက်စစ်ကို မန်ချက်စတာအသင်းမှ ဖာဒီနန် ဟန့်တားနေစဉ်။

(ယင်းပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌စစ်ပွဲပြီးခဲ့ချိန်မှ အီရတ်ရဲတပ်ဖွဲ့ဝင် ၂၆၀ သေဆုံးခဲ့

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၀

အီရတ်တွင် အမေရိကန်ဦးဆောင်သော စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး သေဆုံးခဲ့သော အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်သစ် ဦးရေသည် ၂၆၀ခန့် ရှိကြောင်း ရဲအရာရှိကြီးတစ်ဦးက ပြောကြားသည်။

လွန်ခဲ့သည့် ဧပြီလတွင် ဖွဲ့စည်းခဲ့သော အီရတ်ရဲတပ်ဖွဲ့ဝင်သစ်များသည် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် အသက်စွန့်ခဲ့ကြရခြင်းဖြစ်ကြောင်း အဆိုပါအဆင့်မြင့် ရဲအရာရှိကြီးက ပြောကြားသည်။ ၎င်းသည် ယခင်အီရတ်အစိုးရလက်ထက်၌ ဖွဲ့စည်းခဲ့သော အီရတ်ရဲတပ်ဖွဲ့၏ ၃၁နှစ်ပြည့် နှစ်ပတ်လည်နေ့၌ ကြေညာချက် ထုတ်ပြန်ရာတွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် နှစ်လအတွင်း ဘဂ္ဂဒက်မြို့ဝန်းကျင်ဒေသများနှင့်ဘဂ္ဂဒက်မြို့တွင် ရဲစခန်းကိုးခုထက်မနည်းသည် ကားဗုံးများ ဖောက်ခွဲတိုက်ခိုက်ခြင်း၏ ပစ်မှတ်များအဖြစ် ခံခဲ့ရသည်။ ဗုံးခွဲတိုက်ခိုက်သူများမှာ အမေရိကန်သိမ်းပိုက်တပ်များနှင့် ၎င်းတို့အား ပူးပေါင်းကူညီသူများကို ပစ်မှတ်ထားသော ဆက်ဒမ်ထောက်ခံသူများဖြစ်သည်ဟု ဆိုသည်။

အင်တာနက်

တရုတ်နှင့်ကမ္ဘောဒီးယား လေကြောင်းလိုင်းသစ်ဖွင့်

ဆီအမ်ရစ် (ကမ္ဘောဒီးယား) ဒီဇင်ဘာ ၂၁

တရုတ်နိုင်ငံ ယူနန်ပြည်နယ်မြို့တော်ကူမင်းမှ ပျံသန်းလာသော လေယာဉ်သည် ကမ္ဘောဒီးယားနိုင်ငံ ဆီအမ်ရစ်နိုင်ငံတကာလေဆိပ်၌ တရုတ်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ တတိယမြောက်တိုက်ရိုက်လေကြောင်း ပျံသန်းမှုဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သောကြာနေ့က ချောမောစွာဆင်းသက်နိုင်ခဲ့သည်။ကူမင်းနှင့် ဆီအမ်ရစ်ကြား ပုံမှန်ပျံသန်းမည့်လေကြောင်းလိုင်းဖွင့်ပွဲ အခမ်းအနားကို ဆီအမ်ရစ်နိုင်ငံတကာလေဆိပ်၌ သောကြာနေ့ကကျင်းပခဲ့သည်။ ထိုမြို့ကြီးနှစ်မြို့ကြား အပတ်စဉ်အင်္ဂါနှင့် သောကြာနေ့တွင်ပျံသန်းရန်စီစဉ်ထားသည်။ ယခု လေကြောင်းပျံသန်းရေးဝန်ဆောင်လုပ်ငန်းသည် နှစ်နိုင်ငံအပြန်အလှန်လည်ပတ်မှုကို တိုးတက်လာစေမည့်အပြင် ခရီးသွားလုပ်ငန်း၊ကုန်သွယ်မှုနှင့်စီးပွားရေးအပြင် ယဉ်ကျေးမှုတို့၌ပူးပေါင်းဆောင်ရွက်မှုကို ဖွံ့ဖြိုးတိုးတက်စေမည်ဟု နှစ်နိုင်ငံအရာရှိများကပြောဆိုကြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အပ်ချုပ်စက် စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ ရွှေဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဒီဇင်ဘာ ၂၀ရက် နံနက်ပိုင်းတွင် မန္တလေးမြို့၏အရှေ့တောင်ဘက်၃၁မိုင်အကွာ ရဲ–ယမန်းကျေးရွာအနီး မြစ်ငယ်မြစ်၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ပြင်ဦးလွင်မြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့်ရောက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ ရေလွှဲဥမင်လိုဏ် အမှတ်(၁)နှင့် အမှတ်(၂) ဖောက်လုပ်ပြီးစီးမှုနှင့် ကွန်ကရစ်လိုင်နင်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ အလျားပေ ၈၂၀၊ အနံပေ ၅၀နှင့် အမြင့် ၁၂၁ ပေရှိ ရေတားနံရံ (Separation Wall) တည်ဆောက်ခြင်းလုပ်ငန်း၊ ရေတားပန်းတာ (Ring Bund) တည်ဆောက်ခြင်းလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်းကျော် ပြီးစီးနေမှုအခြေအနေများ၊ ပင်မတမံတည်ဆောက်ရေး၌ ရောစပ်အသုံးပြုမည့် သဘာဝပိုဇိုလန်(မီးတောင်ချော်) ထုတ်လုပ်ရေးလုပ်ငန်းများ၊ သဘာဝပိုဇိုလန်နှင့် ဘိလပ်မြေရောစပ်ခြင်းအချိုးအစား စမ်းသပ်ဆောင်ရွက်နေမှုများ၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှထွက်ရှိလာမည့် ဓာတ်အားကို ဓာတ်အားစနစ်အတွင်းသို့သွယ်တန်းရန် ဓာတ်အားလိုင်းများ စီစဉ်ထားမှုများ၊ စီမံကိန်းအတွက်ကုန်ကျမည့် ဘဏ္ဍာငွေကြေးအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ဘိလပ်မြေ ပံ့ပိုးဖြည့်ဆည်းမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းကောင်းအောင်ကြိုးပမ်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်၊ အရည်အသွေး စံချိန်စံညွှန်းကောင်းမွန်သည့် စီမံကိန်းလုပ်ငန်းကြီး ဖြစ်အောင် နေ့ရောညပါ ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

အခြားဝန်ကြီးဌာနများကလည်း ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် လိုအပ်သည်များကို ဦးစားပေး ပံ့ပိုးဖြည့်ဆည်းပေးသွားရန်လိုကြောင်း။

မှတ်တမ်းမှတ်ရာထားရှိ

ထို့ပြင် ဤစီမံကိန်းတွင် အသုံးပြုမည့် ပိုဇိုလန်ကို အခြားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး၊ စီးပွားဖြစ် ထုတ်လုပ်ရောင်းချရေး အတွက်လည်း စီစဉ်ကြရမည်ဖြစ်ကြောင်း၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မှုများကို စနစ်တကျ မှတ်တမ်းမှတ်ရာ ပြုစုထားရှိသွားရန်လည်း လိုကြောင်းဖြင့်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ပင်မတမံစီမံကိန်းလုပ်ငန်း၌အသုံးပြုမည့် ဘိလပ်မြေ၊ သဲနှင့် ပိုဇိုလန် သုံးမျိုး ရောစပ်ပြုလုပ်ထားသည့် ကွန်ကရစ်တုံးနမူနာများကို ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရေတားနံရံ တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ရေတားပန်းတာတည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ပင်မတမံ တည်ဆောက်မည့်နေရာနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည်ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံးစာရင်းဝင်

ရဲရွာရေအားလျှပ်စစ်စီမံကိန်း၌ မြစ်ငယ်မြစ်ကိုပိတ်မည့် ပင်မတမံ အမျိုးအစားမှာ ကွန်ကရစ်တမံ (Roller Compacted Concrete Dam) အမျိုးအစားဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့၌ တည်ဆောက်ပြီးသော RCC Damများကဲ့သို့ပင် ကမ္ဘာ့အကြီးဆုံးတမံစာရင်းဝင် ရေလှောင်တမံဖြစ်သွားမည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ ကျောက်ဆည်မြို့နယ် ကျောက်ဆည်မြို့အရှေ့ဘက် နွားလည်ကောက် တောင်ခြေအနီးရှိ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ ဆင်မင်းဘိလပ်မြေစက်ရုံသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အမှတ်(၁) ဆင်မင်းဘိလပ်မြေစက်ရုံနှင့် အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံ ဇဟိုထိန်းချုပ်ခန်း၌ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆင်မင်းဘိလပ်မြေစက်ရုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အမှတ်(၁) ဆင်မင်းဘိလပ်မြေစက်ရုံမှာ တစ်ရက်တန် ၆၀၀ ကျ Wet Process ဘိလပ်မြေစက်ရုံဖြစ်သည်။ ဖွင့်လှစ်ခဲ့သည်မှာ တစ်နှစ်ကျော်ခန့်ရှိပြီဖြစ်သည်။

အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံမှာ တစ်ရက်တန် ၇၀၀ ကျ Dry Process စက်ရုံဖြစ်ပြီး ၂၀၀၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ အပ်ချုပ်စက်စက်ရုံသို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ဝန်ကြီးဦးအောင်သောင်းက သံရည်ကျိုပုံလောင်းအလုပ်ရုံ၌ အလုပ်ရုံကထုတ်လုပ်သည့် အပ်ချုပ်စက် စက်ပစ္စည်းအစိတ်အပိုင်းများကိုလည်းကောင်း၊ အလုပ်ရုံ၏လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြသသည်။

လှည့်လည်စစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကုန်ထုတ်အလုပ်ရုံ အမှတ်(၁)က ထုတ်လုပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ တိုးချဲ့ထုတ်လုပ်သွားမည့် စက်ပစ္စည်းအစိတ်အပိုင်းများ စီစဉ်ပြသထားမှုများကိုလည်းကောင်း၊ အပ်ချုပ်စက် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ လိုင်းအလိုက် အပ်ချုပ်စက် တပ်ဆင်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တပ်ဆင်ပြီး အပ်ချုပ်စက်များနှင့် စမ်းသပ်ချုပ်ပြမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အပ်ချုပ်စက်စက်ရုံ(ကျောက်ဆည်)က မောင်မြန်မာတံဆိပ်ဖြင့် အပ်ချုပ်စက် စက်ခေါင်းများကို ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက်၁၀နာရီ၄၅မိနစ်တွင် ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာအနီးရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုးဆေးထုတ်လုပ်မှုတင်ပြ

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီးဦးအောင်သောင်းက ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) တည်ဆောက်ရသည့် ရည်ရွယ်ချက်နှင့် တစ်ခါသုံးဆေးထိုးအပ်၊ သွေးကြောသွင်းဆေးရည်နှင့် ထိုးဆေးများ ထုတ်လုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တစ်ခါသုံးဆေးထိုးအပ် ထုတ်လုပ်ပုံအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) အနီးရှိ ရှေးဟောင်းစေတီသုံးဆူ ပြုပြင်မွမ်းမံထိန်းသိမ်းထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လောကမာရ်အောင် ရွှေဂူကြီးဘုရားအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်စဉ်။ (သတင်းစဉ်)

ဓမ္မဒူတ အရှင်ပညိသဃရတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်း ဓမ္မဒူတတောရကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဓမ္မဒူတ အရှင်ပညိသဃရ ဓမ္မာစရိယ [B.A., M.A Ph.D (Thesis)]သည် ဒီဇင်ဘာ ၂၄ရက်တွင် ပဲခူးမြို့ ပန်းလှိုင်ရပ် (၁၀၅) ကြိမ်မြောက် ပုညသင်္ဂဟ ဆွမ်းလောင်းအသင်း၌ လည်းကောင်း၊ ဒီဇင်ဘာ၂၆၊ ၂၇ရက် တွင် ကျုံပျော်မြို့နယ် အထောင်ရွာလယ်ဓမ္မာရုံ၌ လည်းကောင်း၊ ဒီဇင်ဘာ၂၈ရက်တွင် ကျုံပျော်မြို့နယ် သောင်ကြီးကျေးရွာ ဥဒ္ဒိသဃဒါန အလှူမင်္ဂလာ၌ လည်းကောင်း တရားဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ ဧကရာဇ်ဘုရင်အကီဟီတို၏မွေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်၌ကျရောက်သော ဂျပန်နိုင်ငံ ဧကရာဇ်ဘုရင် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်အိချိရိုကိုအိဇုမိထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးဝင်းအောင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်၌ ကျရောက်သော ဂျပန်နိုင်ငံ ဧကရာဇ်ဘုရင် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်ထံမှ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စယိုရိကို ကာဝါဂူချီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အင်ရောင်းကျေးရွာအနီးရှိ လောကမာရ်အောင် ရွှေဂူကြီးဘုရားသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ပေးအပ်လှူဒါန်းပြီး ရွှေဂူကြီးဘုရားအား လက်ယာရစ်လှည့်လည်ကြည်ညို၍ မဟာဗောဓိပင် ရှင်သန်စည်ပင်မှုကိုလည်း ကြည့်ရှုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မန္တလေးမြို့သို့ထွက်ခွာခဲ့ကြပြီး ရန်ကုန်-မန္တလေး ခြောက်လမ်းသွားလမ်းမကြီး ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

အထက(၁)လှိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

၁၉၆၈-၆၉-၇၀ ကျောင်းသား ကျောင်းသူဟောင်းများ ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ အထက(၁)လှိုင် အားကစားရုံတွင် ဆရာကြီး၊ ဆရာမကြီးများအား စုပေါင်းအာစရိယပူဇော်ကန်တော့ကြမည်ဖြစ်၍ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ရပ်ဝေး၊ ရပ်နီးရောက် အထက(၁)လှိုင် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဗိုလ်မှူးကြီး ဇော်ထွန်း ဖုန်း-၆၄၂၁၀၆၊ ဦးခင်ဇော် ဖုန်း-၀၉-၉၉ ၂၂၅၅၅၊ ဒေါ်လှလှဝင်း ဖုန်း-၅၂၇၀၀၁၊ ဦးဇေယျ ဖုန်း-၀၉-၅၀ ၁၉၈၂၉နှင့် ဦးမြင့်ဆွေ ဖုန်း-၅၂၅၆၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း(၄၀) ဖြစ်သည်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး အဖွင့်အမှာစကားပြောကြားစဉ်။ **(သတင်းစဉ်)**

မအူပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၃ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာများကို ကြိုတင်ပေးပို့ထားပြီး ဖြစ်သည်။ အသင်းဝင်မိသားစုများ၊ မအူပင်မြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းမဝင်ရသေးသူများလည်း ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ပညာရေးစုံညီပွဲတော်

(၂၇၊၁၂၊၂၀၀၃ မှ ၃၊၁၊၂၀၀၄)

SCHOOL FAMILY DAY

(27/12/2003 to 3/1/2004)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း(မှန်ဆောင်)ရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်နှင့် လုပ်ငန်းကော်မတီဝင်များ စုံညီစွာတက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားညီလာခံပေါ်ပေါက်လာသော သမိုင်းကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က အမျိုးသားညီလာခံကျင်းပရေးနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ



ကျူးကျော်သူ ကူမင်တန်တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့သော ဗိုလ်ပီတာ မောင်းနှင်တိုက်ပွဲဝင်ခဲ့သည့် ဆီးဖြူရီး တိုက်လေယာဉ် **UB 466**။

တပ်မတော်သည် ၁၉၅၅ ခုနှစ် မတ်လတွင် ရန်ကြီးအောင်စစ်ဆင်ရေးဖြင့် ကျူးကျော်သူ ကူမင်တန်တို့ကို တိုက်ခိုက်ရန်အတွက် စစ်ချီတက်လာစဉ်။

ကျူးကျော်သူ ကူမင်တန်တို့ကို မြန်မာ့တပ်မတော်က ရန်ကြီးအောင်စစ်ဆင်ရေးဖြင့် တိုက်ခိုက်ဆင်နွှဲခဲ့ရာ ကူမင်တန် ၁၅၁၇ ဦး လက်နက်ချခဲ့သည်။ ကျူးကျော်သူတို့ကို တိုက်ခိုက်ဆင်နွှဲရန်အတွက် ချီတက်လာသော မြန်မာ့တပ်မတော်သားများ။

လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ၌ ပြည်တွင်းပဋိပက္ခများ ကြီးမားနေချိန်တွင် ပြည်ပကျူးကျော်မှုဖြစ်သော တရုတ်ဖြူကူမင်တန် တပ်များကလည်း လှုပ်ရှား ကျူးကျော်လာခဲ့သည်။ ကူမင်တန်တပ်များသည် ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလမှစ၍ အင်အား ၂၀၀ ခန့်မျှဖြင့် မိုင်းယန်းဒေသသို့ ဝင်ရောက်တပ်စွဲ လာခဲ့ခြင်း ဖြစ်သည်။ ယင်းနှစ် မတ်လထဲမှာပင် ကူမင်တန် အမှတ်(၈)တပ်မ၊ အမှတ်(၂၆) တပ်မနှင့် အမှတ်(၉၃) တပ်မများမှ အင်အား ၁၅၀၀ ခန့်သည် ကျိုင်းတုံနယ် အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ဇွန်လတွင် မြန်မာ့တပ်မတော်က ကူမင်တန်တပ်ဖွဲ့ဝင်များအား လက်နက်ချရန်သို့မဟုတ် မြန်မာနိုင်ငံမှ ပြန်လည် ထွက်ခွာရန် ရာဇသံပေးခဲ့သော်လည်း ယင်းတို့သည် လက်နက်ချခြင်းမပြုဘဲ ကျိုင်းတုံ၊ တာချီလိတ်အထိ ကျူးကျော် သိမ်းပိုက်ခဲ့ကြသည်။ တပ်မတော်သည် ကျူးကျော်လာသော ကူမင်တန်တပ်များကို ၁၉၅၀ ပြည့်နှစ် ဇွန်လ ပထမပတ်တွင် ပြန်လည်ထိုးစစ်ဆင်ပြီး တိုက်ခိုက်ချေမှုန်းခဲ့ရာ ဇူလိုင်လ ၂၁ ရက်တွင် ကျိုင်းတုံ၊ တာချီလိတ် ဒေသများအား တပ်မတော်က သိမ်းပိုက်စိုးမိုး နိုင်ခဲ့သည်။ ကူမင်တန်တပ်၏ ဗိုလ်ချုပ်ကြီးလီမီသည် အင်အား ၄၀၀၀ ဖြင့် မိုင်းမောဒေသကို ဌာနချုပ်အဖြစ် တပ်စွဲခဲ့သည်။ ၁၉၅၁ ခုနှစ် အောက်တိုဘာလတွင် တပ်မတော်ကထိုးစစ်ဆင် ချေမှုန်းခဲ့ရာ ကူမင်တန် တပ်များသည် မိုင်းမောဒေသမှ ဆုတ်ခွာသွားကြသည်။ ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလ ၁၁

အလားတူပင် တပ်မတော်သည် ၁၉၅၅ ခုနှစ် မတ်လတွင် "ရန်ကြီးအောင်စစ်ဆင်ရေး"ဖြင့် ကူမင်တန်တပ် အင်အား ၆၀၀၀ ကျော်ရှိနေသော စခန်းများကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုနှစ် ဧပြီလ ၁၉ ရက်တွင် ဆင်ဦးခေါင်း စခန်းကိုလည်းကောင်း၊ ဧပြီလ ၂၃ ရက်တွင် လွယ်ဆန်ဆုံဒေသကိုလည်းကောင်း၊ ဧပြီလ ၂၅ ရက်တွင် မုံးယောင်း ဒေသကိုလည်းကောင်း၊ မေလ ၇ ရက်တွင် တာချီလိတ်တောင်ထိပ်ကိုလည်းကောင်း တိုက်ခိုက်ခဲ့ရာ တပ်မတော်(လေ)ကလည်း ပူးပေါင်းစစ်ဆင်ခဲ့သည်။ မေ ၁၁ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်နေ့များတွင် မိုင်းမတောင်ခြေဆင်တောင်စခန်း၊ လွယ်ဟုန်းကြီး၊ မိုင်တွမ်းဒေသတို့ကို တပ်မတော်က တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ ကူမင်တန် ၁၅၁၇ ဦးလက်နက်ချခဲ့ကြသည်။ တပ်မတော်မှအရာရှိ၊ အကြပ် စစ်သည်အင်အား ၄၄ဦး နိုင်ငံအတွက် အသက်ပေးလှူခဲ့ရပြီး ၁၁၂ဦး ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ပေးလှူခဲ့ရသည်။ တပ်မတော်၏ ရန်ကြီး အောင် စစ်ဆင်ရေးသည် ၁၉၅၅ ခုနှစ် မေလကုန်တွင် ပြီးဆုံးခဲ့ရာ ကူမင်တန်တပ် အင်အား ၃၀၀၀ အထိ လျော့ကျသွားခဲ့သည်။

ယင်းအပြင် တပ်မတော်သည် ကျူးကျော်သူ ကူမင်တန် တပ်များအား ၁၉၅၀ ပြည့်နှစ်တွင် "ကျိုင်းတုံ စစ်ဆင်ရေး"၊ "ဖရော့၊ မော်၊ ပန်လုံစစ်ဆင်ရေး"များဖြင့်လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် "မိုးကြိုးအထူး စစ်ဆင်ရေး" ဖြင့်လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် "မဟာ"၊

အကြားရှိ မိုင်းလင်း…
ခဲ့ကြသည်။ ယင်းကူ…
အခိုင်အမာဌာနချုပ်…
၁၉၆၀ ပြည့်နှစ် ဒီ…
စစ်ဆင်ရေး'ဖြင့် …
ခုနှစ် ဇန်နဝါရီလ ၁…
တပ်များ၏ အခိုင်…
ဇန်နဝါရီ ၃၁ ရက်…
ပြန်လည်သိမ်းပိုက်…
တပ်ရင်းတပ်ဖွဲ့များနှ…
ယာဉ်များဖြင့်ပါ ဝင်…
၁၉၆၁ ခုနှစ် ဖေ…
တိုက်ပွဲတွင် တပ်မတေ…
တပ်မတော်(လေ)မှ …
ခိုင်တို့သည် ဆီးဖြူရီး…
ဝမ်ပါဆန်းရွာ၏ အ…
ပျံသန်းနေစဉ် ည…
လေယာဉ်ကြီး တစ်…
ယင်းလေယာဉ်ကြီး…
မောင်းနှင်ရန် တပ်…
သို့သော်လည်း လ…
လေယာဉ်က စတ…
(လေ)မှ လေသူရဲအ…

လွတ်လပ်ရေးကို ဤသို့ ထိန်း…

ရက်တွင် ကူမင်တန် တပ်များသည် အင်အား ၁၀၀၀ ကျော်ဖြင့် မိုင်းယု၊ မူဆယ်၊ ကြူကုတ် ဒေသများသို့ ဝင်ရောက်ကျူးကျော် သိမ်းယူခဲ့ကြပြန်သည်။

ယင်းအခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရက ၁၉၅၃ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ကူမင်တန် တပ်များ၏ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကျူးကျော်မှုကို အရေးယူပေးရန် ကမ္ဘာ့ကုလသမဂ္ဂသို့ တိုင်ကြားခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက ကူမင်တန်တပ်များအား မြန်မာ့မြေပေါ်မှ ချက်ချင်းထွက်ခွာပေးရန် အဆုံးအဖြတ်ပေးခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ ကူမင်တန် အင်အား ၇၀၀၀ ကို မြန်မာနိုင်ငံမှ ထွက်ခွာအောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ကူမင်တန်တပ် အကြွင်း အကျန်များက မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ကျူးကျော် လှုပ်ရှားလျက်ရှိခဲ့သည်။

ဤသို့လျှင် ကူမင်တန်တပ်များ၏ ကျူးကျော်မှုများကို မြန်မာ့တပ်မတော်က နှိမ်နင်းခဲ့ပြီးနောက် ငြိမ်သက်သွားသယောင်ရှိရာမှ ၁၉၅၄-၅၅ ခုနှစ်ကာလအတွင်း၌ ကူမင်တန်တပ်များသည် ရှမ်းပြည်နယ် ပုံပါကျင်ဒေသတွင် ဌာနချုပ်ဖွင့်ပြီး လှုပ်ရှားကျူးကျော် လာကြပြန်သည်။ တပ်မတော်သည် ၁၉၅၄ခုနှစ် မတ်လ ၂ ရက်နေ့တွင် "ဘုရင့်နောင်စစ်ဆင်ရေး"ဖြင့် ရှုပ်ရှုပ်ချွချွ တိုက်ခိုက်ခဲ့သောကြောင့် ကူမင်တန်တပ် ဌာနချုပ်အပါ အဝင် မိုင်းဆတ်လွင်ပြင်၊ မိုင်းတုံ၊ မုံးဟန်၊ ပုံပါကျင်လွင်ပြင်နှင့် မိုင်းပါလျှိုလွင်ပြင်ဒေသများကို တစ်လ ခွဲခန့်အတွင်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ကူမင်တန်တပ်များ အကျအဆုံးများစွာဖြင့် ဆုတ်ခွာခဲ့ကြသည်။ ယင်းတို့ထံမှ လက်နက်ခဲယမ်း မြောက်မြားစွာလည်း သိမ်းပိုက် ရရှိခဲ့သည်။ ထို့နောက် ကူမင်တန် တပ် အင်အား ၃၄၀၀ ကျော်သည် မြန်မာနိုင်ငံအတွင်းမှ ဆုတ်ခွာသွားခဲ့ကြသည်။ တစ်ဆက်တည်းမှာပင် တပ်မတော်သည် "ဆင်ဖြူရှင် စစ်ဆင်ရေး" ဖြင့် ကော့ကရိတ် မြဝတီနယ်မြေများအတွင်းသို့ ကျူးကျော်လျက်ရှိသည့် ကူမင်တန်တပ် အင်အား ၁၇၀၀ ကိုလည်း တိုက်ထုတ်နိုင်ခဲ့သဖြင့် ကူမင်တန်တို့သည် တစ်ဖက်နိုင်ငံထဲသို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့ကြသည်။

"နဂါးနိုင်" စစ်ဆင်ရေးများဖြင့် လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် "ယုဇနစစ်ဆင်ရေး"ဖြင့်လည်းကောင်း အသက်၊ သွေး၊ ချွေးမြောက်မြားစွာ ရင်းနှီးပေးဆပ်ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ခဲ့ရသည်။ ဤသည်မှာ သမိုင်းတွင်ရစ်ခဲ့သည့် တပ်မတော်၏ အမျိုးသားရေး မော်ကွန်းကမ္ပည်း ကျောက်စာတိုင်များဖြစ်သည်။

၁၉၆၀ ပြည့်နှစ်ကာလနောက်ပိုင်းများတွင် ကူမင်တန်တပ်များသည် မြန်မာနိုင်ငံအတွင်းသို့ ထပ်မံကျူးကျော်ဝင်ရောက်ခဲ့ကြပြန်သည်။ မိုင်းပါလျှိုရွာတွင် လက်နက်၊ ခဲယမ်းမီးကျောက်နှင့် လူအင်အားများ ဖြည့်တင်း၍ လေယာဉ်ကွင်းတစ်ကွင်းအပါအဝင် အင်အား ၅၀၀ ခန့်ဖြင့် တပ်စွဲထားပြီး လေယာဉ်ကွင်း၏ အရှေ့ဘက်ရှိ ကျိုင်းလပ်တွင် အင်အား ၉၅၀ ခန့်အပြင် မိုင်းပါလျှိုနှင့် တာလေ

သိမ်း၊ ဗိုလ်ချစ်ခိုင်တို့…
ယင်းတိုက်ပွဲတွင် မြ…
စစ်သည်ဗိုလ်ပီတာ …
ခဲ့သည်။ ရန်သူ့လေ…
ပျက်ကျသွားခဲ့သည်…
ဤသည်တို့မှာ…
အန္တရာယ်အား အသ…
ပြီး နိုင်ငံတော်၏ အ…
ပြန်လည်မဆုံးရှုံးစေ…
ရောက်ခဲ့ရသော ဖြ…
ထိုသို့ တပ်မတေ…
ရေးကြီးများ ဆင်နွှဲ…
ပါတီအတွင်း အာ…

မြန်မာ့မြေကို ကျူးကျော်ဝင်ရောက်လာသော ကူမင်တန်တို့ကို မြန်မာ့တ…
ခဲ့ရာ ကူမင်တန်အမှတ် (၉၃) ခြေလျင်တပ်မ အကြွင်းအကျန်များ ချင်းမိုင်မှတ…

ည် ၁၉၅၅ ခုနှစ်
ရေး”ဖြင့် ကူမင်တန်
သော စခန်းများကို
ဧပြီလ ၁၉ ရက်တွင်
ဧပြီလ ၂၃ ရက်တွင်
လ ၂၅ ရက်တွင်
မေလ ၇ ရက်တွင်
ာင်း တိုက်ခိုက်ခဲ့ရာ
စစ်ဆင်ခဲ့သည်။ မေ
တွင် မိုင်းမတောင်ခြေ
မိုင်တွမ်းဒေသတို့ကို
က်ခဲ့ရာ ကူမင်တန်
တပ်မတော်မှအရာရှိ၊
ငံအတွက် အသက်
များ စွန့်လွှတ်ပေးလှူ
ာင် စစ်ဆင်ရေးသည်
ခဲ့ရာ ကူမင်တန်တပ်
ွားခဲ့သည်။
ည် ကျူးကျော်သူ
၇နှစ်တွင် “ကျိုင်းတုံ
စ်ဆင်ရေး”များဖြင့်
းကြီးအထူး စစ်ဆင်
ခုနှစ်တွင် “မဟာ”၊

အကြားရှိ မိုင်းလင်းတွင် အင်အား ၆၀၀ ခန့်နေရာယူထားခဲ့ကြသည်။ ယင်းကူမင်တန်တပ် အင်အား ၂၁၀၀ခန့်သည် အခိုင်အမာဌာနချုပ် ဖွင့်လှစ်ထားသဖြင့် တပ်မတော်သည် ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် ‘မဲခေါင်စစ်ဆင်ရေး’ဖြင့် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၁၁ရက်တွင် မိုင်းလင်းဒေသရှိ ကူမင်တန်တပ်များ၏ အခိုင်အမာ စခန်းများကိုလည်းကောင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် ဝမ်ပါပါဒေသကိုလည်းကောင်း ပြန်လည်သိမ်းပိုက်ရယူနိုင်ခဲ့သည်။ ထိုစဉ်က ခြေလျင်တပ်ရင်းတပ်ဖွဲ့များနှင့်အတူ တပ်မတော်(လေ)မှ တိုက်လေယာဉ်များဖြင့်ပါ ဝင်ရောက် ကူညီ တိုက်ခိုက်ပေးခဲ့သည်။

၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်က ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် တပ်မတော်(လေ)မှ ဗိုလ်ပီတာကျဆုံးခဲ့ရသည်။ တပ်မတော်(လေ)မှ ဗိုလ်ပီတာ၊ ဗိုလ်မောင်သိန်း၊ ဗိုလ်ချစ်ခိုင်တို့သည် ဆီးဖျူရီအမျိုးအစားတိုက်လေယာဉ်သုံးစင်းဖြင့် ဝမ်ပါဆန်းရွာ၏ အထက်အမြင့်ပေ ၇၅၀၀ခန့်မှ ကင်းလှည့်ပျံသန်းနေစဉ် ညနေ၄နာရီတွင် အင်ဂျင်လေးလုံးတပ်လေယာဉ်ကြီး တစ်စင်း ဝင်ရောက်ကျူးကျော်လာသဖြင့် ယင်းလေယာဉ်ကြီးအား ကျိုင်းတုံ လေယာဉ်ကွင်းသို့ မောင်းနှင်ရန် တပ်မတော်(လေ)မှ အမိန့်ပေးခဲ့သည်။ သို့သော်လည်း လိုက်နာခြင်းမရှိသည့်အပြင် ရန်သူ့လေယာဉ်က စတင် တိုက်ခိုက်ခဲ့သည်။ တပ်မတော်(လေ)မှ လေသူရဲအရာရှိများဖြစ်သော ဗိုလ်ပီတာ၊ ဗိုလ်မောင်

မြန်မာ့တပ်မတော် (လေ)မှ သူရဲကောင်းစစ်သည် ဗိုလ်ပီတာ။

ညီညွတ်မှု ပြိုကွဲခဲ့သည်။ နိုင်ငံရေးပါတီများ၏ ဂိုဏ်းကွဲများသည် ကိုယ့်အုပ်စုနှင့် ကိုယ်နိုင်ငံရေး အာဏာ ရရှိရေး၊ ပုဂ္ဂိုလ်ရေးအရ ခေါင်းဆောင်နေရာ ရရှိရေးတို့ကို အပြိုင်အဆိုင် ကြိုးပမ်းအားပြိုင်ကြရာမှ ခါးပိုက်ဆောင်လက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ကိုယ့်နည်းနှင့်



ကျူးကျော်သူနယ်ချဲ့တို့၏ လေယာဉ်ကြီးနှင့် ဝေဟင်တိုက်ပွဲဆင်နွှဲခဲ့သော မြန်မာ့တပ်မတော် (လေ)မှ နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ရင်း ပျက်ကျခဲ့သည့် တိုက်လေယာဉ် UB 466 ကို တွေ့ရစဉ်။

...သို့ ထိန်းသိမ်းကာကွယ်ခဲ့ရသည်

ည်းကောင်း၊ ၁၉၅၄
ည်းကောင်း အသက်၊
ဆပ်ပြီး နိုင်ငံတော်၏
ာ်ခဲ့ရသည်။ ဤသည်
ာ်၏ အမျိုးသားရေး
များဖြစ်သည်။
းများတွင် ကူမင်တန်
ို့ ထပ်မံကျူးကျော်
ရွာတွင် လက်နက်၊
များ ဖြည့်တင်း၍
ခင်အား ၅၀၀ ခန့်ဖြင့်
ရှ့ဘက်ရှိ ကျိုင်းလပ်
းပါလျှိုနှင့် တာလေ

သိန်း၊ ဗိုလ်ချစ်ခိုင်တို့ ကလည်း ပြန်လည်တိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ပွဲတွင် မြန်မာ့တပ်မတော် (လေ)မှ သူရဲကောင်းစစ်သည်ဗိုလ်ပီတာ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့သည်။ ရန်သူ့လေယာဉ်ကြီးလည်း မြေပြင်သို့ ထိုးဆင်းပျက်ကျသွားခဲ့သည်။

ဤသည်တို့မှာ တပ်မတော်သည် ပြည်ပ ကျူးကျော်မှုအန္တရာယ်အား အသက်၊သွေး၊ ချွေးများစွာ ပေးဆပ်စွန့်လွှတ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးပြန်လည်မဆုံးရှုံးစေရေးအတွက် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခဲ့ရသော ဖြစ်စဉ်များပင် ဖြစ်သည်။

ထိုသို့ တပ်မတော်က ပြည်ပကျူးကျော်မှုကို စစ်ဆင်ရေးကြီးများ ဆင်နွှဲတိုက်ခိုက်နေချိန်တွင် ပြည်တွင်း၌ ပါတီအတွင်း အာဏာလုမှုများ ဖြစ်ပွားကာ စည်းလုံး

ကေတုနီလာ

ကိုယ် ဖွဲ့စည်းကာ အင်အားတည်ဆောက်ခဲ့ကြ သည်။ ပြည်တွင်း ဆူပူသောင်းကျန်းသူများကလည်း အစိုးရ၏ အားနည်းချက်ကို အခွင့်ကောင်းယူပြီး ဆန့်ကျင်တိုက်ခိုက်လာကြတော့သည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးမှာ အစိုးရခါးပိုက်ဆောင် လက်နက်ကိုင်များ၏ ရန်ကိုလည်း ကြောက်ရ၊ သောင်းကျန်းသူများ၏ ရန်ကိုလည်း ကြောက်ရနှင့်အထိတ်တလန့် နေကြရလေသည်။ ထိုအတွင်း နယ်မြေဒေသများ၌လည်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ ဓားပြတိုက်၊ ပြန်ပေးဆွဲမှု၊ ရွာဝင်မီးရှို့လုယက်မှုများ နေရာအနှံ့အပြားဖြစ်ပွားခဲ့လေသည်။ ဤအခြေအနေကို ထိန်းသိမ်းနိုင်ခြင်းမရှိတော့သဖြင့် နိုင်ငံတော် ကြီး ပရမ်းပတာ ပြိုကွဲရတော့မည်ကဲ့သို့ ဖြစ်ပေါ်နေခြင်းကြောင့် ဝန်ကြီးချုပ်သည် နိုင်ငံတော်ကြီးကို ဝင်ရောက်ထိန်းသိမ်းပေး ပါရန်နှင့် အိမ်စောင့်အစိုးရတာဝန်ကို ယူပေးပါရန် ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် တပ်မတော်သို့ လွှဲအပ်ပေးခဲ့လေတော့သည်။

ဤကာလအတွင်း မြန်မာ့ တပ်မတော်သည် ပြည်ထောင်စုကိုဖြိုခွဲရန် ခြိမ်းခြောက်လာသော ပြည်ပကျူးကျော်မှုများကို တိုင်းရင်းသားပြည်သူတို့နှင့်လက်တွဲပြီး အသက်၊ သွေး၊ ချွေး မြောက်များစွာ စတေးကာ ကာကွယ် စောင့်ရှောက်ခဲ့ရသည်။ ယခုတစ်ဖန် တပ်မတော်သည် နိုင်ငံတော် အချုပ်အာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်၏ တာဝန်ကိုပါ လွှဲပြောင်းရယူခဲ့ရပြန်သည်။

တစ်နည်းအားဖြင့်ဆိုရသော် တပ်မတော်သည် မြန်မာ့လွတ်လပ်ရေး မဆုံးရှုံးစေရေး အတွက် ဒုတိယအကြိမ်စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ရခြင်းပင် ဖြစ်ပေတော့သည်။ ။



မဲခေါင်စစ်ဆင်ရေးတွင် တပ်မတော်မှ အောင်ပွဲခံသိမ်းဆည်းရမိခဲ့သည့် ကူမင်တန်တို့၏ စက်သေနတ်ကြီးများ။

တပ်မတော်သည် ၁၉၅၅ ခုနှစ် မတ်လတွင် “ရန်ကြီးအောင်စစ်ဆင်ရေး”ဖြင့် ကူမင်တန်တပ် အင်အား ၆၀၀၀ ကျော်ရှိနေသော စခန်းများကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုနှစ် ဧပြီလ ၁၉ ရက်တွင် ဆင်ဦးခေါင်း စခန်းကိုလည်းကောင်း၊ ဧပြီလ ၂၃ ရက်တွင် လွယ်ဆန်ဆုံဒေသကိုလည်းကောင်း၊ ဧပြီလ ၂၅ ရက်တွင် မုံးယောင်းဒေသကိုလည်းကောင်း၊ မေလ ၇ ရက်တွင် တာချီလိတ်တောင်ထိပ်ကိုလည်းကောင်း တိုက်ခိုက်ခဲ့ရာ တပ်မတော်(လေ)ကလည်း ပူးပေါင်းစစ်ဆင်ခဲ့သည်။ မေ ၁၁ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်နေ့များတွင် မိုင်းမတောင်ခြေ ဆင်တောင်စခန်း၊ လွယ်ဟုန်းကြီး၊ မိုင်တွမ်းဒေသတို့ကို တပ်မတော်ကတိုက်ခိုက်သိမ်းပိုက်ခဲ့ရာ ကူမင်တန် ၁၅၁၇ဦး လက်နက်ချခဲ့သည်။

ရောက်လာသော ကူမင်တန်တို့ကို မြန်မာ့တပ်မတော်က တွန်းလှန်တိုက်ထုတ်
လျင်တပ်မ အကြွင်းအကျန်များ ချင်းမိုင်မှတစ်ဆင့် ထွက်ခွာရန် ပြင်ဆင်နေပုံ။

မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးကြိုးပမ်းဆောင်ရွက်လျက်ရှိ နိုင်ငံတော်နှင့်ပြည်သူတစ်ခဲနက်အားပေးချီးမြှောက်သော်လည်းထိုက်တန်သည့်အောင်မြင်မှုမရသေး နိုင်ငံတကာပြိုင်ပွဲများ၌မြန်မာ့ဂုဏ်ကိုမြှင့်တင်နိုင်ရေးအောင်လံမလှဲစတမ်းကြိုးပမ်း

ရန်ကုန် ဒီဇင်ဘာ ၂၂

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၅ရက်မှ ၁၃ရက်အထိ ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ ထူးချွန်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများချီးမြှင့်သည်။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ခဲ့ကြသည့် ထူးချွန်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားတွင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် ရွှေတံဆိပ်ဆုရ အားကစားသမားများ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ခဲ့ကြသည့် ထူးချွန်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားတွင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ည ၇နာရီခွဲတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်သို့ ရောက်ရှိလာရာ နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ အားကစားသမားများက ဂါရဝပြုကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်များကိုကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုရရှိခြင်းအားဖြင့် အမျိုးသားရေးဂုဏ်သိက္ခာ တိုးတက်မြင့်မားစေရမည်ဆိုသည့်ခံယူချက်ဖြင့် နိုင်ငံတော်အစိုးရက မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို ပြည်သူများအပိုင်းကလည်း နိုင်ငံတကာ ပြိုင်ပွဲများမှာ မြန်မာ့အားကစား အောင်နိုင်ရေးကို အာသာဆန္ဒပြင်းပြစွာ အားပေးချီးမြှောက်လျက်ရှိကြကြောင်း။

ယခုလိုအခြေအနေအချိန်အခါမျိုးတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများမှာ ပထမရွှေတံဆိပ်ဆုများကို အမျိုးသားရေးတာဝန်ကျေပွန်စွာ ဆွတ်ခူးပြီး မြန်မာ့ဂုဏ်ကို ဆောင်ခဲ့ကြသည့် အောင်ပွဲရ အားကစားမောင်မယ်များကို နိုင်ငံတော်အစိုးရကိုယ်စားသော်လည်းကောင်း၊ မြန်မာနိုင်ငံပြည်သူများ ကိုယ်စားသော်လည်းကောင်း ချီးကျူးဂုဏ်ပြုပါကြောင်း ပထမဦးစွာပြောကြားလိုကြောင်း။

အပြိုင်အဆိုင်ကြိုးပမ်း

ယနေ့ နိုင်ငံတကာမှာ နိုင်ငံတိုင်းနိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစားကဏ္ဍစုံ၊ မျက်နှာစာစုံမှာ မိမိနိုင်ငံ၊ မိမိလူမျိုး မျက်နှာမငယ်စေရဘဲ ဂုဏ်သိက္ခာ တိုးတက်မြင့်မားစေရေး၊ သူတစ်ပါးနိုင်ငံများနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အမျိုးသားရေးစိတ်ဓာတ်ပြင်းပြစွာ အပြိုင်အဆိုင်မနားမနေ ကြိုးပမ်းအားထုတ်နေကြတာကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့်ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံ ကဏ္ဍစုံမှာ အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးကို အရေးပါသည့်အခန်းကဏ္ဍမှာ ထားရှိပြီး အင်တိုက်အားတိုက် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်လျက်ရှိတာ အားကစားသမားမောင်မယ်များ လက်တွေ့ခံစားခဲ့ကြရပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသား အားကစား အဆင့်အတန်း တိုးတက်မြင့်မားမှုနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများမှာ အောင်နိုင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိနိုင်မှုတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာ၊ ယဉ်ကျေးမှု အဆင့်အတန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို ဖော်ညွှန်းပြသနိုင်သည်ဆိုသည့် ခံယူချက်ထားရှိပြီး အဘက်ဘက်ကအားပေးချီးမြှောက်လျက်ရှိသည့်အလျောက် မြန်မာ့အားကစားအဆင့်အတန်းသည် တဖြည်းဖြည်း တိုးတက်လာသော်ငြားလည်း အားရဖွယ် ကောင်းလောက်အောင် တိုးတက်မလာနိုင်သေးတာကိုတွေ့ရကြောင်း။

ပံ့ပိုးမှုအားရဖွယ်ကောင်း

မြန်မာ့အားကစားလောက တိုးတက်အောင်မြင်ဖြစ်ထွန်းမှု ရရှိလာအောင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်အားပေးမှု၊ ပြည်သူများ၏ အင်တိုက်အားတိုက် အားပေးချီးမြှောက်မှုတို့အပြင် သွေးသစ်လောင်း ဖွဲ့စည်းပေးခဲ့သည့် အားကစားအဖွဲ့ချုပ်များမှာ နိုင်ငံတော်၏တာဝန်ကို ခွဲဝေမျှယူပြီး အားကစားနည်းအလိုက် တာဝန်ယူ ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်နေကြသည့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၏ လူအား၊ ငွေအား၊ အကြံဉာဏ်အား၊ စီမံခန့်ခွဲမှုအားများ၏ ပံ့ပိုးထောက်ကူမှုများမှာ အလွန်အားရဖွယ်ကောင်းလှကြောင်း။

သို့သော်လည်း မြန်မာ့အားကစားအောင်နိုင်မှုများသည် နိုင်ငံတော်အစိုးရနှင့် စေတနာရှင်ပြည်သူများ၊ အားကစားဝါသနာရှင်ပြည်သူများ၏ တစ်ခဲနက် အားပေးချီးမြှောက်မှုများနှင့် နှိုင်းစာကြည့်လျှင် ဆီလျော်ထိုက်တန်သည့် အောင်မြင်မှုအဆင့်ကို မရရှိသေးတာ အမှန်ပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ပြီးခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကိုကြည့်လျှင် မြန်မာအားကစားအသင်းသည် နိုင်ငံအလိုက်အဆင့်တွင် ယမန်နှစ်များထက် ပိုပြီးမြင့်တက် မလာသေးတာကို တွေ့ကြရမှာဖြစ်ကြောင်း။

သို့သော်လည်း ပါဝင်ယှဉ်ပြိုင်သည့် အားကစားနည်း၃၂နည်းမှာ သုံးနည်းမှအပ ကျန်အားကစားနည်းအားလုံးတွင် ဆုတံဆိပ်အသီးသီး ရရှိခဲ့တာတွေ့ရကြောင်း၊ ဆုတံဆိပ်စုစုပေါင်းမှာ (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲထက် ပိုမိုများပြားလာသော်လည်း ပထမရွှေတံဆိပ်ဆုရရှိမှုကတော့ ဆုတံဆိပ်သုံးခု လျော့နည်းခဲ့ပြီး ဒုတိယငွေတံဆိပ်မှာ သိသာစွာပိုမိုများပြားလာတာတွေ့ရကြောင်း။

ဆုတံဆိပ်များ ဆင့်ကဲဆင့်ကဲရရှိ

အထူးသဖြင့် ယခုပြိုင်ပွဲမှာ ပထမရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည့် အားကစားနည်းများနှင့်တကွ အောင်ပွဲရမြန်မာအားကစားမောင်မယ်များသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၊ အာရှအဆင့် အားကစားပြိုင်ပွဲများမှာသာမက ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများမှာပါ အောင်နိုင်မှုဆုတံဆိပ်များ ဆင့်ကဲဆင့်ကဲရရှိနေသည့် အားကစားနည်းများနှင့် အားကစားမောင်မယ်များဖြစ်တာကို ဂုဏ်ယူဝင့်ကြွားဖွယ်တွေ့ရှိရကြောင်း။

ကာယဗလအားကစားနည်းကိုကြည့်လျှင် (၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ၇၅ကီလိုတန်းမှာ ကြေးတံဆိပ်ရရှိခဲ့သည့် မင်းဇော်ဦးသည် ယခု(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ၈၀ ကီလိုတန်းကနေ ရွှေတံဆိပ်ဆွတ်ခူးခဲ့တာတွေ့ရကြောင်း။

ကနူးလှေလှော် အားကစားနည်းမှာလည်း အရှေ့တောင်အာရှမှာ အောင်ပွဲရရှိနေသည့် အားကစားနည်းတစ်နည်းဖြစ်သလို ယခုပြိုင်ပွဲမှာ ရွှေတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့တာ တွေ့ရကြောင်း၊အလားတူပင် အရှေ့တောင်အာရှပြိုင်ပွဲများမှာ အောင်ပွဲအလီလီရရှိခဲ့သည့် ရိုးရာလှေလှော်အားကစားနည်းသည်လည်း ယခုပြိုင်ပွဲမှာ အမျိုးသားအသင်းရော အမျိုးသမီးအသင်းပါ (၂၂)တက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲမှာ ရွှေတံဆိပ်အသီးသီးရရှိခဲ့တာတွေ့ရကြောင်း။

သေနတ်ပစ်အားကစားနည်းမှာလည်း မြန်မာသေနတ်ပစ်အားကစားမောင်မယ်များသည် ရွှေတံဆိပ်များရရှိနိုင်သည့် အခြေအနေရှိသော်လည်း ရွှေတစ်ခုသာရရှိခဲ့တာတွေ့ရကြောင်း။

မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူ

အထူးသဖြင့် အလေးမအားကစားနည်းနှင့်ဂူရှူးအားကစားနည်းများမှာ မြန်မာအမျိုးသမီး အားကစားမယ်များသည် အရှေ့တောင်အာရှ အဆင့်သာမက အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်မှာပါ အောင်နိုင်မှုဆုတံဆိပ်များတစိုက်မတ်မတ်နှင့် စဉ်ဆက်မပြတ် ဆွတ်ခူးနိုင်နေပြီး အောင်မြင်တိုးတက်မှုများ ဆင့်ကဲဆင့်ကဲ ထူးခြားစွာ ဖြစ်ထွန်းနေတာကိုတော့ ချီးကျူးရမှာအမှန်ပင်ဖြစ်ကြောင်း၊မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူမဆုံးဖွယ်ဖြစ်ကြောင်း။

အလေးမ အားကစားပြိုင်ပွဲမှာ ကေသီဝင်း၊ ခင်မိုးနွယ်၊ မြစန္ဒာဦးနှင့် ချိုချိုဝင်းတို့သည် ရွှေတံဆိပ်ဆုများကိုယ်စီ ဆွတ်ခူးရရှိခဲ့သလို ဂူရှူးအားကစားပြိုင်ပွဲမှာ ခိုင်ခိုင်မော်နှင့် ဆွေဆွေသန့်တို့သည် ရွှေတံဆိပ်ဆုနှစ်ဆုစီ ဆွတ်ခူးရရှိခဲ့တာတွေ့ရကြောင်း၊ မြန်မာအားကစားမယ်များ အနေဖြင့် ယခုနှစ်ပိုင်းအတွင်း ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံတကာ အားကစားပြိုင်ပွဲတိုင်းလိုလိုမှာ အောင်နိုင်မှုရရှိကြပြီးသူတို့၏ အားကစားသမား ဘဝတစ်သက်တာအတွက်ရော၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့်နိုင်ငံတော်အတွက်ပါ အောင်မြင်မှု သမိုင်းမှတ်တိုင်များ တစ်ဆင့်ချင်း စိုက်ထူလာနိုင်သည်မှာ လွန်စွာမှ ချီးကျူးဂုဏ်ယူဖွယ် ဖြစ်ကြောင်း။

အထူးသဖြင့် မြန်မာ့အားကစားလောကမှာ သက်တမ်းနုနယ်လှသေးသည့် မြန်မာအမျိုးသမီး အလေးမအားကစားနည်း၊ ဂူရှူးအားကစားနည်း၊ ကနူးလှေလှော်အားကစားနည်းစသည့် အားကစားနည်းသစ်များမှာ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် အားကစားသမားမောင်မယ်များ စည်းလုံးညီညွတ်စွာ တိုတောင်းလှသည့်အချိန်ကာလအတွင်း အောင်နိုင်မှုအဆင့်အတန်း တိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်ခြင်းသည် ထူးကဲသည့် အောင်မြင်ဖြစ်ထွန်းမှုဟု ဆိုရမှာဖြစ်ကြောင်း၊ အဖွဲ့ချုပ်တာဝန်ယူကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ တက်ကြွစွာ ပံ့ပိုးဆောင်ရွက်မှုကြောင့်လည်း အောင်မြင်တာဟုဆိုနိုင်ကြောင်း။

ဆက်လက်ကြိုးပမ်း

သို့သော်ငြားလည်း အားကစားနည်းအမျိုးမျိုး၊ အားကစားပြိုင်ပွဲအသီးသီးမှာ အောင်မြင်တိုးတက်မှုများဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းစေရအောင် အားကစားကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအားလုံး၊ အားကစားအဖွဲ့ချုပ်များအားလုံးနှင့်အားကစားမောင်မယ်များအားလုံးတို့က တက်ညီလက်ညီဆက်လက်ကြိုးပမ်းသွားဖို့တော့လိုအပ်သည်ဟုပြောကြားလိုကြောင်း။

ရှေ့ဆက်လက်ပြီး အောင်နိုင်မှုအလားအလာကောင်းများ များစွာရှိသည့် အားကစားနည်းများ ပိုမိုပြီးစနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်၊ ထူးချွန်ထက်မြက်သည့် အားကစားသမားမောင်မယ်များ၊ အားကစားနည်း အားလုံးမှာ ဖြန့်ကြက်ပေါ်ထွန်းနေစေရန် ဆက်လက်ကြိုးစားသွားကြဖို့ မှာကြားလိုကြောင်း။

ယခုနှစ်ပြိုင်ပွဲမှာ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများနှင့်သာ ကျေနပ်ခဲ့ရသည့် အားကစားနည်းများ၊ အောင်နိုင်မှုရရှိသင့်ပါလျက် ရွှေတံဆိပ်ဆုနှင့် လွဲခဲ့ရသည့် အားကစားနည်းများမှာလည်း ရှေ့လာမည့် အားကစားပြိုင်ပွဲများတွင် ရွှေဆုတံဆိပ်များ ပြန်လည်ရရှိစေရန် အပြင်းအထန်လေ့ကျင့်မှုနှင့်စနစ်တကျစီမံ ဆောင်ရွက်မှုများဖြင့် ဇွဲ လုံ့လ မလျှော့ဘဲ ဆက်လက်ကြိုးပမ်းကြပါဟုပြောလိုကြောင်း။

ထိုက်ထိုက်တန်တန်ဂုဏ်ပြု

နိုင်ငံအလိုက် အောင်နိုင်မှုမှာ အားရကျေနပ်ဖွယ် မဟုတ်သေးသော်လည်း နိုင်ငံတော်နှင့်တကွ ပြည်သူများ

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

လိုလားတောင့်တနေကြသည့် အောင်နိုင်မှု ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိအောင် စွမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များကိုတော့ ထိုက်ထိုက်တန်တန်ချီးကျူးဂုဏ်ပြုဖို့လိုအပ်သည်ဆိုသည့် ခံယူချက်ဖြင့် ယခုဂုဏ်ပြုချီးမြှင့်ပွဲကို စီစဉ်ကျင်းပရခြင်းဖြစ်ကြောင်း။

အောင်နိုင်မှု ရွှေတံဆိပ်ဆုများဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား မောင်မယ်များအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများ၏ ဂုဏ်ပြုချီးကျူးမှုကို ထိုက်ထိုက်တန်တန်ခံယူပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာ့ဂုဏ်ကို ထပ်ဆင့်မြှင့်တင်ပေးနိုင်စေရန် **"အောင်လံမလှဲ စတမ်း"** ဆိုသည့် မြန်မာ့စိတ်ဓာတ်ဖြင့် အောင်ပွဲအလီလီရရှိအောင် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြပါဟု မှာကြားလိုကြောင်း။

ယခုနှစ် အမျိုးသမီးဘောလုံးအသင်းအနေဖြင့် ပထမရွှေဆုမရသော်ငြားလည်း ကြိုးစားမှုနှင့် ကစားကွက်ကောင်းမွန်မှုကိုတော့ ချီးကျူးဖွယ်ဖြစ်ကြောင်း၊ အပြင်းအထန် လေ့ကျင့်ပြီး အောင်နိုင်မှုဆုရရှိရေး ဆက်လက်ကြိုးပမ်းဖို့ မှာကြားလိုကြောင်း။

အားကစားဝန်ကြီးဌာနက တာဝန်ရှိသူအသီးသီးအနေဖြင့်လည်း စီမံခန့်ခွဲမှု၊ လေ့ကျင့်မှု၊ နည်းစနစ် မှန်ကန်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ တက်ကြွမှု၊ ဖွံ့လုံ့လဝီရိယအားကောင်းမှုတို့အတွက် ပြုပြင်ဆောင်ရွက်ဖွယ်ရာများ၊ အားစိုက်ခွန်စိုက်ဆောင်ရွက်မှုများကိုမှန်ကန်သော ဝေဖန်သုံးသပ်မှုပြုပြီး ပြုပြင်ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားသည်ထက် တိုးတက်မြင့်မားအောင် ဆက်လက် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေ၊**
- **အမျိုးဂုဏ်၊ နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်သည့် အားကစားသမား အကျော်အမော် နိုင်ငံ့သားကောင်း သမီးမွန်များအဖြစ် အာရှအဆင့်၊ ကမ္ဘာ့အဆင့် ပြိုင်ပွဲကြီးများအထိ ဆက်**

လက်ပြီး အောင်ပွဲအလီလီ ဆွတ်ခူး နိုင်ကြပါစေ

ဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ရွှေတံဆိပ်ဆုရ အားကစားသမားများအား ဂုဏ်ပြုဆုများ ချီးမြှင့်ရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကနူးလှေပြိုင်ပွဲ မီတာ ၅၀၀ အမျိုးသား ကယက် လေးတက်လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ခင်မောင်မြင့်၊ ရန်ပိုင်၊ မျိုးဇော်နှင့် ဘုန်းမြင့်တေဇာတို့အားလည်းကောင်း၊ ကနူးလှေပြိုင်ပွဲ မီတာ ၁၀၀၀ အမျိုးသား ကယက် လေးတက်လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ခင်မောင်မြင့်၊ ကံရွှေ၊ အောင်ကျော်မိုးနှင့် ဘုန်းမြင့်တေဇာတို့အားလည်းကောင်း၊ ကနူးမီတာ ၁၀၀၀ အမျိုးသမီး(၂၂) တက်လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ရိုးရာလှေလှော် အားကစားသမား များအားလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်သည်။

ဆက်လက်၍မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝူရှူးအားကစားပြိုင်ပွဲ ထိုက်ချီချွမ် အားကစားနည်းတွင် ရွှေတံဆိပ်တစ်ဆုနှင့် ထိုက်ချီကျန် အားကစားနည်းတွင် ရွှေတံဆိပ်တစ်ဆု စုစုပေါင်း ရွှေတံဆိပ်နှစ်ဆုရ ခိုင်ခိုင်မော်အားလည်းကောင်း၊ ဝူရှူး အားကစားပြိုင်ပွဲ နန်းချွမ် အားကစားနည်းတွင်ရွှေတံဆိပ်တစ်ဆုနှင့် နန်းကွမ် အားကစားနည်းတွင် ရွှေတံဆိပ်တစ်ဆု စုစုပေါင်း ရွှေတံဆိပ်နှစ်ဆုရ ဆွေဆွေသန့်အားလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကာယဗလပြိုင်ပွဲ ၈၀ကီလိုတန်းတွင် ရွှေတံဆိပ်ဆုရ မင်းဇော်ဦး၊ သေနတ်ပစ်ပြိုင်ပွဲ ၁၀မီတာ လေပစ္စတိုတွင် ရွှေတံဆိပ်ဆုရ မောင်ကြူး၊ အမျိုးသမီး အလေးမပြိုင်ပွဲ ၄၈ကီလိုတန်းတွင် ရွှေတံဆိပ်ဆုရ ကေသီဝင်း၊ ၆၃ကီလိုတန်းတွင် ရွှေတံဆိပ်ဆုရ ခင်မိုးနွယ်၊ ၆၉ကီလိုတန်းတွင် ရွှေတံဆိပ်ဆုရ မြစန္ဒာဦး၊ ၇၅ကီလိုတန်းတွင် ရွှေတံဆိပ်ဆုရ ချိုချိုဝင်းနှင့် ဝူရှူးအားကစားပြိုင်ပွဲ အမျိုးသား ဆန်းဆို ၅၆ကီလိုအားကစားနည်းတွင် ရွှေတံဆိပ်ဆုရ ဟာဟုန်းတို့အား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ထို့နောက် ရွှေတံဆိပ်နှစ်ဆုရှင် ဝူရှူးအားကစားမယ် ခိုင်ခိုင်မော်က မြန်မာ့လက်ရွေးစင်အားကစားသမားများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ခဲ့ကြသည့် ထူးချွန်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားတွင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီစည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာ-ဗီယက်နမ်ကုန်သွယ်ရေး ပူးတွဲကော်မတီ(ဒုတိယအကြိမ်) အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Park Royal ၌ကျင်းပရာ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Truong Dinh Tuyen၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr.Pham Quang Khon၊ ဗီယက်နမ်ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အခြားသော သက်ဆိုင်ရာ ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Truong Dinh Tuyen တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအဖွဲ့ဝင်များက နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ပြပွဲများ ကျင်းပရေးကိစ္စ၊ နှစ်နိုင်ငံကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေးကိစ္စ၊ နှစ်နိုင်ငံ ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အစည်းအဝေးတွင် ညှိနှိုင်းသဘောတူဆုံးဖြတ်ခဲ့သည့် အစည်းအဝေးသဘောတူညီချက်မှတ်တမ်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Truong Dinh Tuyen တို့က အတည်ပြုလက်မှတ်ရေးထိုးကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Truong Dinh Tuyen နှင့်အဖွဲ့ဝင်များအား ညပိုင်းတွင် Grand Plaza Park Royal ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၂၀၀၄ခုနှစ် ဇန်နဝါရီ၂၅ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင်(၅၇)၊ အာဇာနည်လမ်း ဗဟန်းမြို့နယ် မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်ဝင်းအတွင်းရှိ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)မွှာရုံကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပူဇော်ခံသက်ကြီးများ၊ အသင်းဝင်များ၊ မိသားစုများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ယခုနှစ်တွင် အသက်(၈၀)ပြည့်ပြီးသူ သက်ကြီးများနှင့် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသူ အသင်းသားများ၏ သားသမီးများ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရရှိသူများသည်နီးစပ်ရာအသင်းအမှုဆောင်များနှင့် မြို့နယ်ရုံး ဖုန်း-၃၇၁၅၃၁သို့ဆက်သွယ်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ကမာရွတ်အထက(၂) မိဘဆရာအသင်းစည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၂၂

ကမာရွတ်မြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ အဆိုပါကျောင်းတေဇခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် အစည်းအဝေးသဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အေးဆင့်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှရည်နှင့် ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မိဘဆရာအသင်းနာယကနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဒေါက်တာယဉ်ထွန်းက အမှာစကားပြောကြားပြီး မိဘဆရာ အသင်းအမှုဆောင်အသစ်များရွေးချယ် တင်မြှောက်ကြသည်။ ထို့နောက် ပညာရည်ချွန်ဆုများပေးအပ်ပွဲ ကျင်းပရာ ၂၀၀၂-၂၀၀၃ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးပထမ၊ဒုတိယ၊ ပဉ္စမနှင့် သတ္တမဆုရရှိသူများ၊ ခြောက်ဘာသာဂုဏ်ထူးအပါအဝင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများ၊ အတန်းလိုက် ပညာရည်ချွန်ဆုရသူများနှင့် ဧကောဒသမအကြိမ် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် ရွှေတံဆိပ်များရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြောင်းသိရသည်။ **(က-ပ)**

အိမ်ရှင်မဂျာနယ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၂

အောင်မြင်သော အမျိုးသမီးစီးပွားရေး လုပ်ငန်းရှင်နှင့် တွေ့ဆုံခြင်း၊ ဒီဇိုင်းဒီခေတ်ရောက်တော့မည်လော၊ ကျီအင်းပါဝင်သော ကိုရီးယားဇာတ်လမ်းတွဲတွေလာပြီ၊ အနုပညာလမ်းပေါ်လျှောက်လှမ်းလာတဲ့ နှင်းဧကေခိုင်ဦး၊ သျှောင်နောက်ဆံထုံးသို့ပန်းဆယ်ပွင့်၊ အိမ်ရှင်မအင်တာဗျူးစသည့် သတင်းဆောင်းပါးများ၊ အိမ်ရှင်မတို့အတွက် ကျန်းမာရေး၊ ဥပဒေအမေးအဖြေ၊ အနုပညာရေးရာ လှုပ်ရှားမှုသတင်းများ စေ့စေ့ဆာဆာ တင်ဆက်ထားပြီး အပတ်စဉ်(အင်္ဂါနေ့)တိုင်း ထုတ်ဝေသော အိမ်ရှင်မဂျာနယ် အတွဲ(၃)၊ အမှတ်(၁၄)ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

ဒီဇင်ဘာ ၂၀ ရက်က သာကေတမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၉)၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းပွဲ အခမ်းအနားကို အောင်ဆန်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းညွန့်က ကျောင်းမိသားစု(၁)၌ ဘက်စုံထူးချွန်ပထမဆုရရှိသူ တတိယတန်းမှ မရည်မွန်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၂၅၈)

လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် (တံခွန်စိုက်) ပထမအဆင့်လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန သီတာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်းက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖိလစ်ပိုင်သမ္မတ မဒမ် ဂလိုရီယာ မာဂါပါဂလ် အာရိုယိုထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းဒေသတွင် လွန်ခဲ့သောရက် အနည်းငယ်အတွင်းက မြေပြိုခဲ့၍ အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စာနာထောက်ထားကြောင်း သဝဏ်လွှာကို ဖိလစ်ပိုင်နိုင်ငံ သမ္မတ မဒမ် ဂလိုရီယာမာဂါပါဂလ်အာရိုယိုထံသို့ ပေးပို့သည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲဝင် ပန်းအလှပင်များကို မြန်မာနိုင်ငံ ပန်းဝါသနာရှင် အသင်း ဦးဆောင်နာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် နာယကအဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H. E. Mr. Truong Dinh Tuyen နှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

(အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Pham Quang Khon နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း(၁၀)နှစ်ပြည့်အထိမ်းအမှတ် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ၊ ဖွင့်ပွဲ၊ စာတမ်းဖတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ၊ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှိ ရတနာဥယျာဉ်စားသောက်ဆိုင်ရှေ့ ဥပစာ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း ဦးဆောင်နာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဦးဆောင်နာယကအဖွဲ့ဝင်ဒေါ်ခင်လေးသက်နှင့်ဦးဆောင်နာယကအဖွဲ့ဝင်များ၊ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၏ ဇနီးများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ပန်းဝါသနာရှင်အသင်းဝင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး မစ္စစ်ကိုအိုကယ်ယူရီကိုက ပေးပို့သော မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ်အတွက် သဝဏ်လွှာကို မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း ဦးဆောင်နာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ၊ဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဦးဆောင်နာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်ခင်လေးသက်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဧည့်သည်တော်များသည် ပြိုင်ပွဲဝင်နှင့် ဆုရပန်းအလှပင်များ၊ ပြိုင်ပွဲဝင်နှင့် ဆုရဓာတ်ပုံများ၊ အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်ဟောပြောပွဲနှင့် စာတမ်းဖတ်ပွဲကို နံနက် ၁၀ နာရီတွင် အဆိုပါ ရင်ပြင်ရှိ ပြည်ထောင်စုအေးရိပ်ငြိမ်၌ ဆက်လက်ကျင်းပရာသဘာပတိအဖြစ် ဒေါက်တာခင်မောင်ညွန့်က ဆောင်ရွက်၍ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဦးဆောင်နာယက အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒေါက်တာခင်မောင်ညွန့်က စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

အစီအစဉ်အရ စာတမ်းရှင်များဖြစ်ကြသော ပါမောက္ခဒေါ်ခင်နုက **"သစ်သီးဝလံ ပန်းမန်သစ်ပင်နှင့် မြန်မာ့အတွေးအမြင်"** စာတမ်း၊ ဒေါက်တာ မတင်ဝင်းက **"သစ်ပင်စိမ့်စမ်း ချစ်စမ်းစေချင်"** စာတမ်း၊ ပါမောက္ခဒေါက်တာဒေါ်အေးကြည်က **"ရုက္ခဗေဒပညာနှင့် အနာဂတ်မြန်မာ"** စာတမ်း၊ တွဲဖက်ပါမောက္ခ ဦးမျိုးဟန်က **"အစေ့ပေါက်ခြင်းနှင့် အပင်ကြီးထွားခြင်း"** စာတမ်း၊ ဒေါ်နီဝါလွင်က **"ပန်းပင်များအခန်းတွင်း အလှဆင်ခြင်း"** စာတမ်း၊ ဦးအုန်းလွင်က **"မြို့ပြဒေသနှင့် လိုက်လျောညီထွေသော အပန်းဖြေအနားယူခြင်း အယူအဆ"** စာတမ်းတို့ကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရတနာဥယျာဉ်စားသောက်ဆိုင်ခန်းမ၌ဆက်လက်ကျင်းပရာ ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ ရာသီပန်းပင်ပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွ(အခြားပြိုင်ပွဲ)၊ပြည်ပသစ်ခွ (အင်ဒရိုဗီယမ်)ပြိုင်ပွဲ၊ ပြည်ပသစ်ခွ (ဗင်ဒါ)ပြိုင်ပွဲ၊ ပြည်ပသစ်ခွ(ကတ်တလီယာ)ပြိုင်ပွဲ၊ သက်ကြီးပုပင် (မွန်ဆိုင်း)ပြိုင်ပွဲများနှင့် ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိသူများအား မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်းနာယကများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသော မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းနာယကများ ကိုယ်စား ဦးဆောင်နာယကအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်လှလှက ငွေကျပ်နှစ်သိန်း၊ ရွှေနန်းတော်ရတနာရွှေဆိုင်က ငွေကျပ်ငါးသိန်း၊ မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ Myanmar Association Japanက ငွေကျပ်ခုနစ်သောင်း၊ မြန်မာနိုင်ငံ ငှက်ဝါသနာရှင်အသင်းက ငွေကျပ်နှစ်သောင်း၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများ ဌာနအောက်ရှိ စားသောက်ဆိုင်များက ငွေကျပ် နှစ်သိန်းခုနစ်သောင်း ခြောက်ထောင်တို့ကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးညွန့်ဖေက လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း(၁၀)နှစ်ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲအကဲဖြတ်ဒိုင်များကိုယ်စား ဓာတ်ပုံပညာရှင် ညောင်ဦးဖိုးချိုနှင့် ပြပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီခဲ့သော ဂျပန်နိုင်ငံမှ မစ္စစ် အီဝါဟာရှီရာစူကိုနှင့် မစ္စစ်ကူရိဟာရာရှိရှိမိတို့အား အသင်းနာယက ဒေါ်ကျင်ခိုင်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း(၁၀)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက်အထိလည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း (၂)ရပ်ကွက် နွယ်သာကီလမ်း အမှတ် (၁၄၂) ဦးမျိုးအောင်-ဒေါ်ဝင်းစန္ဒာ (သဉ္ဇာမော် မုန့်ဟင်းခါးဖိုနှင့် ရတနာရွှေဆိုင်) မိသားစုတို့၏ သမီးကြီး မသဉ္ဇာလှိုင်၏ (၁၆)နှစ်ပြည့် မွေးနေ့ အလှူတော်အဖြစ် ဒီဇင်ဘာ ၂၅ ရက် ည ၇ နာရီတွင် မဟာစည်နယ်လှည့် ဓမ္မကထိက ဓမ္မာစရိယ မေတ္တာအေးဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၁၂-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ ဆွာချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀ ၉။ ညနေခင်းသတင်း
၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၁။ Milo Success in Soccer
၁၉:၁၀ ၁၂။ တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ (အပိုင်း-၁)
၁၉:၂၅ ၁၃။ ကြေးမုံရိပ်သွင်တေးနယဉ်
၁၉:၄၀ ၁၄။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု "ကျေးလက်ရေနှင့် ကျေးလက်စီးပွားရေး" (အပိုင်း-၂)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တုံ့မယူလို"** (အပိုင်း-၅)
၁၉။ Calcio Serie A Hight light
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၂၃-၁၂-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်
(က)ပထမနှစ်(အရှေ့တိုင်းပညာ)
(ခ)ပထမနှစ်(အင်္ဂလိပ်စာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၃၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနှင့် ယမင်းရွှေစင်"** (အပိုင်း-၃၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကျန်းမာရေးပညာပေးဇာတ်လမ်း **"အမေမပြောလိုတဲ့ အိပ်ရာဝင်ပုံပြင်"** (အပိုင်း-၂)ဇာတ်သိမ်းပိုင်း သရုပ်ဆောင် - ကျော်ရဲအောင်၊ ဇင်ဝိုင်း၊ မျိုးသန္တာထွန်း၊ မေသဉ္ဇာဦး (ဒါရိုက်တာ-ရိုးရိုး)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

ပြန်ကြားရေးဝန်ကြီးဌာန၏ တိုးတက်ဖြစ်ထွန်းမှုများ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို

ပြည်သူများအား အသိပညာဗဟုသုတ တိုးပွားစေရန် ရုပ်မြင်သံကြားအစီအစဉ်များ နေ့စဉ်ထုတ်လွှင့်ပေးလျက်ရှိသည့် စစ်ကိုင်းတိုင်း ကလေးမြို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ။



ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ပြည်သူများ သတင်းစာ ဆောလျင်စွာ ဖတ်ရှုနိုင်ရေးအတွက် မြစ်ကြီးနားကိုယ်ပွားသတင်းစာတိုက်က သတင်းစာများ ထုတ်လုပ်ပေးလျက်ရှိသည်။

ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ရန်ကုန်တိုင်း ကိုကိုးကျွန်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးကို တည်ဆောက်ဖွင့်လှစ်ထားသည်။

၁၉၈၈ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ပြန်ကြားရေးဝန်ကြီးဌာန၏ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့် လူထုဆက်သွယ်ရေးလုပ်ငန်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၃
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား		
ရေဒီယိုမှ နေ့စဉ်ထုတ်လွှင့်မှုနာရီ	၁၆.၅	၁၈.၅
ရုပ်မြင်သံကြားထုတ်လွှင့်မှု		
(က) တည်ဆောက်ပြီး ထပ်ဆင့်လွှင့်စက်ရုံများ	၁၅	၁၆၆
(ခ) ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်မှုနာရီ	၂	၈–၁၂
(ဂ) ဖမ်းယူကြည့်ရှုသည့် လူဦးရေ	၂၅.၁ သန်း	၄၄.၆ သန်း
(ဃ) ဖမ်းယူရရှိသည့် မြို့နယ်	–	၂၈၆
(င) MRTV Channel	၁	၂
(စ) MRTV-3 ဖမ်းယူရရှိသည့်နိုင်ငံများ	–	၁၂၆ နိုင်ငံ
(ဆ) e-Newspaper	–	ကမ္ဘာတစ်ဝန်း အင်တာနက်မှ တစ်ဆင့် ရယူကြည့်ရှုနိုင်ပါသည်။
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန		
(က) ပြန်/ဆက်ရုံးနှင့် စာကြည့်တိုက်များ	၁၀၀	၃၆၀
(ခ) စာကြည့်တိုက်များ(ကိုယ့်အားကိုယ်ကိုး)	–	၁၇၈၂
(ဂ) e-Library	–	၈၁
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း		
သတင်းစာများ	နေ့စဉ်ထုတ်ဝေမှု စောင်ရေ	
(က) မြန်မာ့အလင်း	၆၈၄၀၀	၂၀၂၄၆၈
(ခ) ကြေးမုံ	၅၁၈၀၀	၁၉၇၁၇၄
(ဂ) The New Light of Myanmar	–	၂၃၅၉၉
ကိုယ်ပွားသတင်းစာတိုက်များ စတင်ဖွင့်သည့်နေ့		
(က) မန္တလေး (၁၇–၄–၁၉၉၈)	–	၇၉၁၅၈
(ခ) တောင်ကြီး (၁–၁၀–၂၀၀၁)	–	၈၅၃၁
(ဂ) မကွေး (၁–၁၀–၂၀၀၁)	–	၈၃၉၄
(ဃ) ကျိုင်းတုံ (၂၇–၃–၂၀၀၂)	–	၁၈၀၁
(င) ကလေး (၁၅–၆–၂၀၀၂)	–	၃၁၅၄
(စ) မြစ်ကြီးနား (၂၄–၃–၂၀၀၃)	–	၅၅၁၈
(ဆ) စစ်တွေ (၂၆–၈–၂၀၀၃)	–	၅၅၁၆

မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏နယ်လှည့်လှုပ်ရှားမှုလုပ်ငန်း၊နယ်လှည့်စာကြည့်တိုက်လုပ်ငန်းတို့ကို ညောင်ပင်ရွာ မူလတန်းကျောင်းသူကျောင်းသားကလေးများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြစဉ်။

ကလေးပန်းချီပြပွဲ မြောက်ဥက္ကလာတွင်ပြသ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဇမ္ဗူရတနာယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းတို့ပူးပေါင်းကျင်းပသော အခြေခံပညာအထက်တန်း၊အလယ်တန်း၊ မူလတန်း ကျောင်းသားကျောင်းသူများ၏ ကလေးပန်းချီပြပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက်က ဇမ္ဗူရတနာယဉ်ကျေးလိမ္မာမင်္ဂလာသင်တန်း မြတ်မင်္ဂလာကျောင်း၌ ကျင်းပရာ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက အဖွင့်အမှာစကား ပြောကြားပြီး ဇမ္ဗူရတနာယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းမှ ဆရာဦးစိုးကိုကိုက ကလေးပန်းချီပြပွဲဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ကလေးပန်းချီပြပွဲကို သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ မြန်မာနိုင်ငံ ရိုးရာပညာရှင်များ အစည်းအရုံး ဗဟိုအတွင်းရေးမှူး ဦးလှတင်ထွန်း၊ သင်တန်းနာယက ဒေါ်အမာနှင့် ပြန်/ဆက်ဦးစီးမှူး ဒေါ်ရီရီရှိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသော ပန်းချီပညာရှင်များနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပန်းချီပြပွဲသို့ လှည့်လည်ကြည့်ရှုကြကြောင်းသိရှိရသည်။ **(က-ပ)**

ဘွဲ့တံဆိပ်တော်ရဆရာတော်ပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ် ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် သလ္လာဝတီလမ်း တိပိဋကလင်္ကာရ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာမိ(ဒွိပိဋကဓရ)အား သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ရပ်ကွက်ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် စေတနာရှင်များက ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ဂုဏ်ပူဇော်ပွဲသဘင် ကျင်းပမည်ဖြစ်ရာ ဆရာတော်၏ တပည့်ဒါယကာဒါယိကာမများနှင့် စေတနာရှင်များက ပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီ ဖုန်း-၅၄၇၀၁၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုပြစ်ဒဏ်ချမှတ်

ရန်ကုန် ဒီဇင်ဘာ ၂၂

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဇွန် ၁၇ ရက်တွင် သတင်းအရ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်နောက်ရပ်ကွက် မန္တလေးလမ်းနေ ဂျော်နီအေး၏နေအိမ်ကို စစ်ဆေးရှာဖွေရာ နေအိမ်ခန်းအတွင်းမှ ဘိန်းကင်ခြောက် ၂၇၇ ဒသမ ၆၁ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်နောက်ရပ်ကွက် မန္တလေးလမ်း အမှတ်(၁၀၇)နေ ဦးမောင်အေး၏သား ဂျော်နီအေး(ခ)သန်းထွန်းအေးအား မင်္ဂလာတောင်ညွန့်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် (ပ) ၅/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ နိုဝင်ဘာ ၃ ရက်တွင် တရားရုံးက တရားခံ ဂျော်နီအေး(ခ)သန်းထွန်းအေးအား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၉ နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟာသဂျာနယ်ထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂၂

ကာတွန်းမြေဇာ၏ မျက်နှာဖုံးကာတွန်းနှင့် ကာတွန်းမောင်ဝဏ္ဏ၏ ကာတွန်းဇာတ်လမ်းတို့ အပါအဝင် ဆရာသာဂဒိုး၊ ဆရာလဒ၊ ဆရာဆင်ဖြူကျွန်းအောင်သိန်း၊ ကာတွန်း မြင့်စိုးလေး၊ သန်လျင်မောင်မောင်ဦး၊ အဏ္ဏဝါစိုးမိုး၊ ဆြာကြီးထိန်၊ ဟစ်တလုံး၊ ဆြာဘွား၊ တင်ထူး(အင်း၀)၊ တေးသံရှင်ကြည်အောင်၊ အောင်ကောင်း၊ သန်းလွင်၊ ကျော်ဇောဟိန်း(ဒေါ်ပုံ) တို့၏ဟာသအတွေးအရေး၊ရုပ်ရှင်တို့ဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၂၁)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(က-ပ)

မူးယစ်ဆေးဝါးချက်လုပ်ရာ၌အသုံးပြုသည့် ဓာတုပစ္စည်းများသိမ်းဆည်းရမိ

ရန်ကုန် ဒီဇင်ဘာ ၂၂

နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်များတွင် ကွတ်ခိုင်မြို့ မန့်ပြိန်းကျေးရွာနှင့် မန်ခူးရွာပျက်အကြားတွင် နယ်မြေရှင်းလင်းစဉ် မူးယစ်ဆေးဝါး ချက်လုပ်ရာ၌အသုံးပြုသည့် ဓာတုပစ္စည်းများဖြစ်သည့် အီသာ ၅၆ ပုံး (ပမာဏ ၉၇၂ ဒသမ ၆၃ လစ်တာ)နှင့် ကလိုရီဖောင်း ရှစ်ပုံး(ပမာဏ ၁၃၆ ဒသမ ၃၅ လစ်တာ)တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ ကွတ်ခိုင်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၈၂/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ခ)အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အစီအစဉ်

Min Kyaw Min's

Spoken English Class

သင်တန်းများကို ၅-၁-၂၀၀၄ ရက်တွင်စမည်

သုံးလသင်တန်း (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) 9:00 am to 11:30

တစ်ဦးချင်း အနီးကပ်သင်ပြနိုင်ရန် လူဦးရေအကန့်အသတ်ဖြင့်သာ လက်ခံမည်။

Multi-media style lab, audio-visual aid နှင့် ခေတ်မီအထောက်အကူများသုံးမည်။

၁၀ တန်းအောင်ပြီးသူ၊ ဘွဲ့ရ၊ ဘွဲ့လွန်များအတွက် အကျုံးဝင်၊ အသုံးဝင်မည်။

The New Light Of Myanmar သတင်းစာတိုက်

ကမ်းနားလမ်းနှင့် ၄၃ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

စုံစမ်းရန် ဖုန်း-၂၉၆၁၆၁။

ကုမ္ပဏီလမ်းညွှန်ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ကုမ္ပဏီလမ်းညွှန် Knowledge-based Industry မှ တိုးတက်ပြောင်းလဲလာနေသော e-business ခေတ်တွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်ထိုးဖောက်နိုင်စေရေးအတွက် e-knowledge စီးပွားရေးအသိပညာများ ကျယ်ကျယ်ပြန့်ပြန့်တတ်သိနားလည်နိုင်စေရန် ကုမ္ပဏီလမ်းညွှန် စီးပွားရေးပညာပေးသင်တန်း(၁/၂၀၀၄)ကို ဇန်နဝါရီ ၃ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် e-business organizations, e-business management, e-marketing, e-trading on the internet, Total Quality Management, Business Benchmarking, Lean Manufacturing, Quality Certification with ISO 9001, ISO 14001 ဘာသာရပ်များကို ဘာသာရပ်တစ်ခုချင်းဖြစ်စေ၊ မိမိတို့တတ်သိလိုသော ပညာရပ်များကိုဖြစ်စေ တတ်သိနားလည်အောင် သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ကုမ္ပဏီလမ်းညွှန် အမှတ်(၂၇၆)လမ်း(အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၂၄၂၅၈၃၊ စောယုနွယ် ပညာရေးအထောက်အကူပြုလုပ်ငန်း မြေနီကုန်း ပလာဇာ (ဒုတိယထပ်) ဖုန်း-၅၃၆၉၁၄ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

" နှစ်သစ်ကူးအထူးသတင်းကောင်း "

(၂၀၀၄-ခုနှစ် နှစ်သစ်ကိုကြိုဆိုသောအားဖြင့်)

Pearl Condominium (ပုလဲကွန်ဒိုမီနီယံ) ဗဟန်းမြို့နယ်၊ (ကမ္ဘာအေးဘုရားလမ်းနှင့်ဆရာစံလမ်းထောင့်) နှင့်

Diamond Condominium (ဒိုင်းမွန်းကွန်ဒိုမီနီယံ) ကမာရွတ်မြို့နယ်၊ ပြည်လမ်းမပေါ် (စိန်ရတုခန်းမရှေ့)ရှိ

၂၀၀၃-ခုနှစ် ရောင်းရန်ကျန်ရှိသော လက်ကျန်တိုက်ခန်းများကို အထူးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း

မေတ္တာရှေ့ထား သတင်းကောင်းပါးအပ်ပါသည်။

အရောင်းခန်းမ - **Asia Express (Ygn) Co., Ltd.**

ပုလဲကွန်ဒိုမီနီယံ၊ ဒုတိယထပ်၊ ကမ္ဘာအေးစေတီလမ်းနှင့်ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖိတ်ရက်မရှိ (နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီ အထိ)

၂၀၀၃ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတို့၏ ပုံရိပ်လွှာများ

သတင်းဆောင်းပါး – မောင်မောင်ထွေး

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ကကြီးမှူး၍ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၄၂ နိုင်ငံတို့မှ နည်းပြများ၏ ရွေးချယ်မှုဖြင့် ၂၀၀၃ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ပေးအပ်ချီးမြှင့်ရာ ပြင်သစ်လက်ရွေးစင်နှင့် ရီးယဲလ်မက်ဒရစ် ကလပ်အသင်းမှ ကွင်းလယ်ဖန်တီးရှင် ဇီးနက်ဒင်းဇီဒန်းက ရရှိသွားသည်။ ဒုတိယဆုကိုမူ တစ်နိုင်ငံတည်းသား ပြင်သစ်လက်ရွေးစင်နှင့် အာဆင်နယ်အသင်း တိုက်စစ်မှူး သီယာရီအွန်နရီကလည်းကောင်း၊ တတိယဆုကို ဘရာဇီး လက်ရွေးစင်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ရိုနယ်ဒိုလူးအစ်နာဇာရီယိုဒီလီမားခေါ် ရိုနယ်ဒိုက ရရှိသွားသည်။

၂၀၀၃ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို မည်သူသာရသင့်သည်၊ မည်သူက ပိုကောင်းသည်ဟု သုံးသပ်တင်ပြရခြင်းထက် ထိုသို့သော ကမ္ဘာ့ကျော်ဘောလုံးသမားကြီးများ၏ ဖြတ်သန်းလာခဲ့ရသောဘဝ အနိမ့်အမြင့် ခရီးလမ်းများ၊ သူတို့၏ အမိတိုင်းပြည်အပေါ်ထားရှိအပ်သော မျိုးချစ်စိတ်ဓာတ်များ၊ သူတို့၏ အနိုင်မခံ အရှုံးမပေးဘဲ ထားရှိအပ်သော အားကစားစိတ်ဓာတ်များကို ဘောလုံးအားကစားကို ဝါသနာကြီးသူ မြန်မာလူငယ်မျိုးဆက်သစ်များ အတုယူ အားကျလာစေရန် ရည်ရွယ်၍တင်ပြလိုက်ရပါသည်။

ဇီးနက်ဒင်းဇီဒန်း

ဇီဒန်း၏ဘဝအစကား ရွှေလင်ပန်းဖြင့် အချင်းဆေး၊ ငွေဇွန်းကိုကိုက်ပြီး ပန်းခင်းသောလမ်းဖြင့် စခဲ့ရခြင်း မဟုတ်ပေ။ ပြင်သစ်နိုင်ငံ မာဆေးမြို့ အစွန်အဖျားဆင်းရဲသော ရပ်ကွက်တစ်ခုတွင် မွေးဖွားခဲ့သူဖြစ်ပြီး ပြင်သစ်နိုင်ငံသား ဖြစ်သော်လည်း အယ်ဂျီးရီးယားမျိုးရိုးဇာတိသွေးပါသူဖြစ်သည်။

ကမ္ဘာကျော် ဘောလုံးသမားကြီးတစ်ဦးဖြစ်မလာမီ သူ့ဘောလုံးသမားဘဝခရီးကို အသက်(၁၆)နှစ်အရွယ်မှာပင် ပြင်သစ်နိုင်ငံ ကိန်းကလပ်အသင်း၌ ဆုကြေးစားဘဝဖြင့် အစပြုခဲ့သည်။ ကိန်းအသင်းကို ဥရောပဘောလုံးအဖွဲ့ချုပ်ဖလား ပြိုင်ပွဲတွင် ဝင်ရောက်ကစားခွင့်ရနိုင်ရန် ဦးဆောင်ကစားပေးခဲ့ပြီးနောက် တစ်နိုင်ငံတည်းမှ ဘော်ဒိုးကလပ်သို့ ပြောင်းရွှေ့ကစားခဲ့သည်။

ဆူးသည်ဖြစ်စကတည်းက ချွန်သကဲ့သို့ သဘာဝက မွေးထုတ်ပေးသော လူတော်များသည်လည်း ငယ်စဉ်ကတည်းက ရောက်သည့်အရပ်၊ ပေးသည့်တာဝန်ကို ကဏ္ဍအလိုက်ထူးချွန်စွာ ဆောင်ရွက်တတ်သည်။ ဇီဒန်းလေးသည် ဘော်ဒိုးကလပ်တွင်လည်း မိခင်အသင်းကို ၁၉၉၆ ခုနှစ်ဥရောပဘောလုံးအဖွဲ့ချုပ်ဖလား နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ရန် စွမ်းဆောင်ပေးခဲ့ပြန်သည်။

ထင်ပေါ်လျှင် စင်တော်ကောက်သည်မှာ သဘာဝပင်။ ဇီဒန်း၏ထက်မြက်သော ခြေစွမ်းခြေစကြောင့် အီတလီနိုင်ငံမှ ကမ္ဘာကျော် ဂျူဗင်းတပ်အသင်းကြီးက တစ်ချိန်တွင် ကမ္ဘာကျော်လာမည့် ဇီဒန်းကို ၁၉၉၆ ခုနှစ် ဥရောပချန်ပီယံလိဂ် ပြိုင်ပွဲအတွက် လက်ကမ်း၍ ကြိုဆိုခဲ့ပြန်သည်။

ဂျူဗင်းတပ် ကလပ်အတွက် ဇီဒန်းပေးဆပ်ခဲ့သည့် ရလဒ်များကား အီတလီစီးရီးအေပြိုင်ပွဲ ချန်ပီယံဆုကနှစ်ကြိမ်၊ ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဆင့်သို့ နှစ်ကြိမ်ရောက်ရှိခဲ့သည်။ ဂျူဗင်းတပ်တွင် ဇီဒန်း အနေကြာလာသောအခါ တစ်ရွာသို့ ပြောင်းချင်လာသည်။ သူမဆွတ်ခူးနိုင်သေးသည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သူကောင်းပြုခံချင်သေးသည်။ ထို့ကြောင့် ၂၀၀၁ ခုနှစ်တွင် စပိန်နိုင်ငံမှ ကမ္ဘာကျော်ရီးယဲလ်မက်ဒရစ်သို့ ဇီဒန်းခြေဦးလှည့်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်ကလည်း ဇီဒန်း၏ပင်ကို ခြေစွမ်းခြေစကို သိရှိပြီးဖြစ်၍ ထိုစဉ်က ကမ္ဘာ့ကြေးအမြင့်ဆုံးဈေးဖြင့် ခေါ်ယူခဲ့ရာ ယခုအချိန်ထိ ရီးယဲလ်မက်ဒရစ်နှင့် ဇီဒန်းခွဲခြား၍ မရသေးချေ။

သို့သော် ဇီဒန်း၏ ဘောလုံးသမားဘဝသည် လက်ရွေးစင်အသင်း၌ အနိမ့်၊ အမြင့်၊ အတက်၊ အကျပို၍များလှသည်။ ပြင်သစ်လက်ရွေးစင်အသင်း၌ ဇီဒန်း(၂၁)နှစ်သားအရွယ် ၁၉၉၄ ခုနှစ်တွင် စတင်အရွေးခံရသည်။ ချက်ချင်း လက်ရွေးစင်အသင်းနှင့် စတင်တာထွက်ပါဝင်ကစားခဲ့ပြီး ပွဲကစားချိန်စုစုပေါင်း ၁၇ မိနစ်သာ ကစားခွင့်ရခဲ့သော်လည်း ကိုယ်တိုင်နှစ်ဂိုး သွင်းယူပေးခဲ့သည်။

ဇီဒန်း၏အစွမ်းကို နည်းပြ အေမီဂျက်ကွက်စ်ကြိုက်သွားချေပြီ။ ထို့ကြောင့် ဇီဒန်းအားကိုးဖြင့် ထိုစဉ်က လျှမ်းလျှမ်းတောက်နေခဲ့သူ နာမည်ကျော် ကန်တိုနာနှင့် ဒေးဗစ်ဂျီနိုလာတို့ကို ယူရို(၉၆) ဘောလုံးပြိုင်ပွဲဝင် လက်ရွေးစင် အသင်းမှ ခေါက်ထားလိုက်သည်။

သို့သော် ယူရို(၉၆) ဘောလုံးပြိုင်ပွဲတွင် သူ့တပည့်ကျော်ကလေး ဇီဒန်းမှာ ကြံ့ခိုင်မှုက ဒေါင်ဒေါင်မြည် မဖြစ်၊ အဆုံးသတ်ရလဒ်က အကြိုဗိုလ်လုပွဲတွင် ချက်အသင်းကိုရှုံး၍ ပြင်သစ်တို့ရင်မှာ ဒဏ်ရာဖြစ် ကျန်ရစ်ခဲ့ရသည်။

ပြင်သစ်နည်းပြ ဂျက်ကွက်စ်ကမူ ဇီဒန်းမှ ဇီဒန်း၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၁၉၉၈ ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပြင်သစ်တို့ တစ်ကြိမ်တစ်ခါမျှ မရဖူးသေးသည့် ကမ္ဘာ့ဖလားကြီးကို ယခုအကြိမ်တော့ ထူးထူးဆန်းဆန်း ဇီဒန်းကို ဗဟိုပြု၍ ပြိုင်ဘက်တွေကို အန်တုဖို့ ဂျက်ကွက်စ် ကြံရွယ်ထားသည်။

ကန်တိုနာလားမခေါ်ဘူး၊ ဂျီနိုလာလားမသိဘူးဟူ၍ ပရိသတ်ဖိအားကို ဇီဒန်းအားဖြင့် ခပ်ရမ်းရမ်းလုပ်ရပြန်သည်။

အဆုံးတွင်မူ ဂျက်ကွက်စ် အောင်ပန်းဆင်သွားနိုင်သည်။ သူ့တပည့်ကျော်လေး ဇီဒန်းက နောက်ဆုံးဗိုလ်လုပွဲတွင် ပျို့တိုင်းကြိုက်တဲ့နှင်းဆီခိုင် ဖြစ်နေသည့် ဘရာဇီးအသင်းကို ကိုယ်တိုင် ခေါင်းတိုက်နှစ်ဂိုးသွင်းယူပြီး သုံးဂိုးပြတ်ဖြင့် အနိုင်ယူဗိုလ်စွဲပြီး အောင်ပွဲခံနိုင်ခဲ့ပေသည်။

သို့သော် ကမ္ဘာ့ဘောလုံးပရိသတ် အလယ်တွင် ဇီဒန်းတို့နာမည်ကောင်း မရခဲ့ကြ။ အိမ်ကွင်းမှာကျယ်သည့် အိမ်ကျယ်အသင်း၊ ဘရာဇီးတိုက်စစ်မှူး ရိုနယ်ဒို ရုတ်တရက် ကျန်းမာရေးဆိုးရွား၍ဟု သမုတ်ခံရပြန်သည်။

ဇီဒန်းအပါအဝင် ပြင်သစ်ကစားသမားတို့၏ ရင်ထဲတွင် ‘နေသေးသပ’ဟု ကြုံးဝါးလျက် ယူရို–၂၀၀၀ ဘောလုံးပြိုင်ပွဲကား သံသယတို့ကို ဆေးကြောပေးလိုက်သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် ထိုးစစ်ထက် ခံစစ်တွင် နာမည်ကျော်လှသော အီတလီအသင်းကို တစ်ဂိုးရှုံးနေရာမှ ပွဲပြီးခါနီး စက္ကန့်ပိုင်းအတွင်း ပြန်ချေပကာ အချိန်ပိုတွင် ရွှေဂိုးသွင်းယူပြီး ယူရိုချန်ပီယံ ဖလားကြီးကို ပါရီသို့ သယ်ဆောင်ပြသွားသည်။

ဘောလုံးအသင်းတစ်သင်းသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ပုံစံဖြင့်ဖွဲ့စည်းတည်ဆောက်ထားခြင်း မဟုတ်သော်လည်း ပင်ကိုခြေစွမ်းထက်သူတို့၏ အခန်းကဏ္ဍကိုလည်း ပစ်ပယ်၍မရကောင်းချေ။

တိတိကျကျ ဆိုရလျှင် ပွဲတစ်ပွဲ၏ အဖြေကို လျှပ်တစ်ပြက်အတွင်း ပြောင်းပြန်လုပ်နိုင်စွမ်းရှိသော ကွင်းလယ်ဖန်တီးရှင် ဇီဒန်း၏ လုပ်ရည်ကိုင်ရည်၊ ကြံရည်ဖန်ရည်ကို ပြင်သစ်အသင်း မှီခိုအားထားနေရသည်မှာ ကြာခဲ့ချေပြီ။

ပြင်သစ်အသင်း၏ အသက် ဝိညာဉ်သည် ဇီဒန်းပင်။ ဇီဒန်း မပါနိုင်လျှင် ပြင်သစ်အသင်း၏ တိုက်စစ်သည် ဝိညာဉ်ကင်းမဲ့လွန်းသည်။ တိုက်စစ်မှူးတို့သည်လည်း ဂိုးပေါက်မတွေ့၊ ငုတ်တုတ်မေ့ကြကုန်သည်။

ဤသာဓကဖြစ်စဉ်ကို သက်သေထူပြသွားသည့် ပြိုင်ပွဲကား ၂၀၀၂ ခုနှစ် ဂျပန်–တောင်ကိုရီးယား ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဖြစ်ပေသည်။ ပွဲဦးထွက် ပွဲစဉ်မှာပင် ဇီဒန်း ဒဏ်ရာရသွားခဲ့သည်။ ပြင်သစ်အသင်းသည်လည်း အံ့သြဖွယ်ရာ အုပ်စုအဆင့်ဖြင့်ပင် အိမ်ပြန်ခရီးကို ဆောလျင်စွာ နှင်ခဲ့ရသည်။

သို့သော် ဇီဒန်း၏ ပင်ကိုခြေစွမ်းကား ပတ္တမြားမှန် နွံမနစ်ခဲ့ပြန်ချေ။ ၂၀၀၃ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြန်သည်။ အဆိုပါဆုနှင့် ဇီဒန်း ကံစပ်ခဲ့သည်ကား ယခုအကြိမ်ဖြင့်ဆိုလျှင် သုံးကြိမ်တိုင်ဟု ဆိုရမည်။ ၁၉၉၈ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တွင် ဂျူဗင်းတပ် ကလပ်အသင်း၌ ကစားစဉ်ကလည်း ဆွတ်ခူးရရှိခဲ့ပေသည်။ အမိနိုင်ငံဂုဏ်သိက္ခာအတွက် လက်ရွေးစင်အသင်းတွင် စွမ်းစွမ်းတမံ စွမ်းဆောင်နိုင်ခဲ့သော ဇီဒန်း၏ ဘဝကောက်ကြောင်းခရီးကို အမိမြန်မာနိုင်ငံမှ မျိုးဆက်သစ်လူငယ်လေးများ အားကျအတုယူစေရန်အလို့ငှာ တင်ဆက်ဖော်ပြလိုက်ရပါသည်။ ။

ကတ္တရာလမ်းသစ်ဖွင့်ပွဲ မိုင်းဆတ်တွင်ကျင်းပ

မိုင်းဆတ် ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပြည်ထောင်စုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက်က ယင်းလမ်းထိပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေက လမ်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး လမ်းသစ်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

လမ်းသစ်မှာ အကျယ် ၁၂ ပေ၊ အရှည် ပေ ၄၆၀ရှိပြီး ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးခွင့်ပြုငွေဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

ကော့သောင်း ဒီဇင်ဘာ ၅

ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ကော့သောင်းမြို့ မဋ္ဌူသကခန်းမတွင် ဒီဇင်ဘာ၁ရက် နံနက်က ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးသိန်းအောင်နှင့် ခရိုင်ကလေးအထူးကုဆရာဝန်ကြီးဒေါက်တာ ဌေးဌေးဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၃ ခုနှစ် ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်း၊ မူလတန်း ထုပ်ဆီးတိုးပြိုင်ပွဲ၊ အမျိုးသားလွန်ဆွဲပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ရိုးရာအားကစားပြိုင်ပွဲနှင့် စာစီစာကုံး ပြိုင်ပွဲ၊ တေးသီချင်း အဆိုပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

(၃၈၉)

ရတနာလှိုင်စာပေ အမှတ် ၅၃ သံလမ်း (၇)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့. ဖုန်း – ၅၂၅၃၁၂၊ ၀၉–၉၉–၂၅၁၈၃ က ဖြန့်ချိသော မောင်ထိုက်ကြီးစီစဉ်၍ မောင်ထွန်းသူ ဘာသာပြန်သည့် ဂျပန် ဘာ့ကြောင့်အောင်မြင်ခဲ့သလဲ စာအုပ်မျက်နှာဖုံး။

(က–ပ)

မြင်းခြံမြို့နယ်တွင် အလှူရှင်စက်ရေတွင်းဖွင့်လှစ်

မြင်းခြံ ဒီဇင်ဘာ ၂၀

မြင်းခြံမြို့နယ် ခေါင်းကွဲကျေးရွာတွင် ရန်ကုန်မြို့နေ ဦးစွန်တိတ်–ဒေါ်အလွမ်(အာရုတော်ဝင်အထူးကုဆေးခန်း)နှင့် သားသမီးများဖြစ်ကြသော ဒေါက်တာမြတ်သူ၊ ဇနီး ဒေါက်တာခင်ချိုဦး(အာရုတော်ဝင်အထူးကုဆေးခန်း)မိသားစုက လှူဒါန်းငွေကျပ် ငါးသိန်းနှင့် နိုင်ငံတော်ထောက်ပံ့ငွေကျပ် သုံးသိန်းတို့ဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်ဆောင်ရွက်ခဲ့သော စက်ရေတွင်းဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက်က ယင်းစက်ရေတွင်းအနီး မင်္ဂလာမဏ္ဍပ် မုခ်ဦးတွင် ကျင်းပရာ စက်ရေတွင်းကို မြင်းခြံမြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် အလှူရှင် ဦးစွန်တိတ်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲတွင် အလှူရှင်ဒေါက်တာမြတ်သူက စက်ရေတွင်းလှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင်မိသားစုက ခေါင်းကွဲကျေးရွာအုပ်စု ပိုက်တဲကုန်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်အတွက် အလှူငွေကျပ် နှစ်သိန်းခုနစ်သောင်းကို ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်အောင်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းစက်ရေတွင်း ဖွင့်လှစ်နိုင်ခြင်းကြောင့် ခေါင်းကွဲကျေးရွာရှိ အိမ်ခြေ ၅၀၀နှင့် ကျေးရွာလူထုအတွက် ရေရှားပါးသည့် အခက်အခဲမှ ကင်းဝေးပြီး သန့်ရှင်းသောသောက်သုံးရေကို လွယ်ကူစွာ သောက်သုံးနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

(က–ပ)

ပြည်ထဲရေးဝန်ကြီးဌာန အရာရှိကြီးများ စွမ်းရည်မြှင့် သင်တန်းဆင်းပွဲ ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂၂

ပြည်ထဲရေးဝန်ကြီးဌာန အရာရှိကြီးများ စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၃/၂၀၀၃) ဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ရက် နံနက် ၈နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)ရိပ်သာခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ သင်တန်းတွင် ပို့ချပေးခဲ့ကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နည်းပြအရာရှိများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ဒုတိယရဲမှူးကြီးအဆင့်၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိသူအရာရှိ ၃၂ဦးတို့ တက်ရောက်ကြပြီး သင်တန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန၌ ရက်သတ္တ ခြောက်ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၁၈ ရက်က မင်္ဂလာဒုံမြို့နယ် အထက(၅)၌ နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးကျော်ညွှန့်က ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်သို့ နိုင်ငံသား အရည်အချင်း ပြည့်မီသူ ကျောင်းသားကျောင်းသူ ၂၀၂ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြားများပေးအပ်စဉ်။

(က-ပ)

စီးပွားရေးတက္ကသိုလ် (ရန်ကုန်) အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်းက ကြီးမှူး၍ စီးပွားရေး တက္ကသိုလ် (ရန်ကုန်) စတင်တည်ထောင်သောနေ့ (၃၉)နှစ်မြောက် အထိမ်းအမှတ်၊ ကိုးကြိမ်မြောက်အာစရိယ ပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက် နံနက် ၉နာရီတွင် စီးပွားရေး တက္ကသိုလ် ရန်ကုန် အခန်း(၁၀)၌ ကျင်းပသည်။

အခမ်းအနားတွင် ကန်တော့ခံဆရာကြီး ဆရာမကြီးများ ကိုယ်စား ဘောဂဗေဒဌာန၊ ပါမောက္ခဌာနမှူး (အငြိမ်းစား) ဆရာကြီးဦးသာထိုနှင့် ဒေါက်တာသန်းညွန့် ဥက္ကဋ္ဌဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့တို့က ဆုံးမ သြဝါဒစကားမြွက်ကြားကြပြီး ဘွဲ့ရ ကျောင်းသားကျောင်းသူများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

အရန်သင့်နေကာအမိုးပြားများ တပ်ဆင်ပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၂

နေအိမ်များ၊ တိုက်ခန်းများ၊ နေဒဏ်၊ မိုးဒဏ်ကာကွယ်ပြီး အဆောက်အအုံ ဥပစာ တင့်တယ်လှပစေရန် လင်းပိုကုမ္ပဏီမှ အရန်သင့် Sunshade များကို တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အသုံးလုံ Sunshade များကိုလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။ အသေးစိတ်သိလိုပါက အမှတ်(၁၇-A) ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၃၈၁၆၊ ၅၄၅၈၈၃၊ ၀၉-၈၀-၂၂၂၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

သဒ္ဓမ္မဇျုဟာဓမ္မာရုံငွေရတုဓမ္မပူဇနီယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

မင်္ဂလာတောင်ညွန့်မြို့နယ် (စံပြ) ပုသိမ်ညွန့်ရပ်ကွက်လုံးဆိုင်ရာ သဒ္ဓမ္မဇျုဟာဓမ္မာရုံကြီးတွင် (၂၅)ကြိမ်မြောက် ဓမ္မပူဇနီယ ပူဇော်ပွဲကို ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ ရက် ၃၀ တိုင်တိုင် ညနေ ၅နာရီမှ ၆ နာရီခွဲအထိ သံဃာတော် အရှင်သူမြတ်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ရာ ဓမ္မမိတ်ဆွေသူတော်စင်များ တရားတော်နာကြွရောက်ကြရန် တရားပွဲကျင်းပရေးကော်မတီက ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အခြေခံပညာ အလယ်တန်း၊ မူလတန်းအဆင့် သိပ္ပံဘာသာရပ် သင်ထောက်ကူပစ္စည်းပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်က အထက(၂) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးမျိုးမြင့်ကျော်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(က-ပ)

ကလောင်သစ်မဂ္ဂဇင်းအမှတ် (၄၅) ဖြန့်ချိ



ရန်ကုန် ဒီဇင်ဘာ ၂၂

မောင်မောင်သစ်လွင် စီစဉ်တည်းဖြတ်သော ကလောင်သစ်ရသစုံ မဂ္ဂဇင်း အမှတ်(၄၅) ဇန်နဝါရီလထုတ်ကို ဖြန့်ချိထားသည်။ မုံရွာဝင်းဖေ၊ လေးမြင့်၊ ရဲသီဟကိုတင်အောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ဆောင်းဝင်းလတ်၊ နန္ဒာမိုးကြယ်၊ နတ်မောက်ကြိုင်သင်း၊ ရွှေဘိုတင်အောင်၊ စလင်းစိုးညွန့်၊ မင်းခိုက်စိုးစန်၊ ဗိုင်ချို စသည့် စာရေးဆရာများ၏ အတွေးအမြင် သုတရသ၊ ဘာဝဒဿန စာပေလက်ရာများအပြင် ကလောင်သစ်များ၏ လက်ရာမွန်ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများကို ကလောင်သစ်မဂ္ဂဇင်း အမှတ်(၂၅) ဦးရွှေဂွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၂၄၁၃၊ စာတိုက်သေတ္တာ(၂၀၇)က ဖြန့်ချိသည်။ **(ဝဲပုံ)**

(က-ပ)

ရေခဲသေတ္တာ၊ အဲယားကွန်း သီးသန့်သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရေခဲသေတ္တာ၊ အဲယားကွန်း အခြေခံ အသုံးချနည်းစနစ်များ၊ ပြုပြင်ထိန်းသိမ်းတပ်ဆင်ခြင်းနှင့် အခြေခံလျှပ်စစ်ပညာများကို Grace Training and Service Centreမှ စာတွေ့လက်တွေ့ (လက်တွေ့ ဦးစားပေးစနစ်) တစ်လသင်တန်းကို ပစ္စည်းကိရိယာ စုံလင်စွာဖြင့် လုပ်သက်ရင့်နည်းပြဆရာများက လစဉ်တန်းခွဲသစ်နှစ်ခု ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိသည်။

တိုးတက်ထွန်းကားလိုသူ လူငယ်များအတွက် ကုမ္ပဏီစက်ရုံအလုပ်ရုံများတွင် Professional ဖြစ်စေပြီး အခြေခံပိုင်းမှ လက်တွေ့နိုင်မည်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတကာအဆင့်မီ ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အမှတ် ၆၉(ပထမထပ်) ဗိုလ်စိန်မှန်လမ်း ဗဟန်းမြို့နယ် တာမွေအဝိုင်း မှတ်တိုင်အနီး ဖုန်း-၇၀၇၉၅၆ သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အရည်အသွေးမြင့်မားသော မီးစက်နှင့် ဂက်စ်မီးဖိုများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၂

'လူလေး' အဆင့်မြင့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များကို ဆိုင်(၁) အမှတ် ၁၄၀ အနော်ရထာလမ်း ၃၆လမ်းထိပ် ကျောက်တံတားမြို့နယ် ဖုန်း-၂၄၀၇၂၄ ၂၅၃၁၀၀၊ ဆိုင်(၂) အမှတ်၄၈၇ မဟာဗန္ဓုလလမ်း လမ်း၃၀ထိပ် ပန်းဘဲတန်းမြို့နယ် ဖုန်း-၃၇၉၆၇၆၊ ဆိုင်(၃) အမှတ် ၂၀၁/စီ ဗညားဒလလမ်း ယုဇနပလာဇာရှေ့ တာမွေမြို့နယ် ဖုန်း-၂၉၅၇၆၁၊ ၂၉၈၂၁၂၊ ဆိုင် (၄) အမှတ် ၇၃၅ မဟာဗန္ဓုလလမ်း (၁၇ လမ်းနှင့် လမ်းမတော်ကြား) လသာမြို့နယ် ဖုန်း-၂၂၃၆၈၉ တို့တွင် တိုးချဲ့ဖွင့်လှစ်၍ Watt 1000 အပြည့်ထွက်ပြီး အင်ဂျင်ဝိုင်မလို Two Stroke Engine ဖြစ်၍ Auto Lever, Over Load Protector, 12 V, D.C အထွက်ပါပြီး T.V, V.C.D၊ စလောင်း၊ မော်တာ၊ မီးလုံး၊ မီးချောင်း၊ ပန်ကာ၊ ကွန်ပျူတာ၊ ရေခဲသေတ္တာစသော လျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်သော အရည်အသွေးမြင့် မီးစက်တစ်လုံးလျှင် ကျပ် ၆၅၀၀၀ ဖြင့်လည်းကောင်း၊ တစ်နှစ်အာမခံ Automatic Ignition ဂက်စ်မီးဖိုနှင့် ဖိအားထိန်း Regulator၊ ဂက်စ်အိုးတစ်စုံလျှင် အထူးဈေးနှုန်းဖြင့် 'လူလေး' ဂက်စ်မီးဖိုဆိုင်များက ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(က-ပ)

ဒီဇင်ဘာ ၁၉ ရက်က ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာနတွင် ကျင်းပသော ပထမအကြိမ် ကိုရီးယားသမ္မတနိုင်ငံ ကုန်စည်ပြပွဲ(၂၀၀၃)တွင် FIANCE အလှကုန်ပစ္စည်း ပြခန်း၌ ဝယ်ယူသူများနှင့် စည်ကားနေသည်ကို တွေ့ရစဉ်။

(က-ပ)

ဗုဒ္ဓဘာသာဟူသည်ကို ခြေခြေမြစ်မြစ် တိတိပပ သိရှိစေရန်အတွက် ဆရာဦးလေးမြိုင် စီစဉ်ထုတ်ဝေသည့် နှစ်ဆန်းမှာ ထေရဝါဒဗုဒ္ဓဘာသာဖြစ်သူများ နှလုံးလှစာပေ အမှတ် ၅ လမ်း ၁၀၀ လွတ်လပ်ရေးရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း၀၁-၂၉၀၉၈၁ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလထုတ် ဓမ္မရံသီဓမ္မမဂ္ဂဇင်း မျက်နှာဖုံး။

(က-ပ)

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဝန်ထမ်းများသည် ဒီဇင်ဘာ ၁၆ ရက်က အထက(၃)မှ ကျောင်းသားကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးမှူး ဦးရဲထွဋ်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(က-ပ)

YANKIN CENTRE Shopping Mall

Merry X' mas & Happy New Year

Promotion - 20.12.2003 to 31.12.2003

Special Promotion day - 23.12.2003 / 30.12.2003 } ည **12:00** နာရီထိ ဖွင့်ပါမည်။

Promotion-Discount, Gift, Other Programme...

ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်

ဗီဒီယိုနှင့်ပတ်သက်သည့်လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေနှင့်အညီလိုက်နာလုပ်ကိုင်ရန် သတိပေးနှိုးဆော်ချက်

၁။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၏ အခန်း(၁) အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်တွင် ဗီဒီယိုနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဓိပ္ပာယ် သက်ရောက်ကြောင်း ဖော်ပြထားပါသည်။

(က) ဗီဒီယိုဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကို ဖြစ်စေ၊ ရုပ်ပုံနှင့်အသံကို ဖြစ်စေ ထွက်ပေါ်ခြင်းကိုဆိုသည်။

(ခ) ဗီဒီယိုတိပ်ခွေဆိုသည်မှာ ရုပ်ပုံနှင့်အသံကို ရိုက်ကူးထည့်သွင်းထားသော တိပ်ခွေ၊ လေဆာပြား သို့မဟုတ် အလားတူပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ဗီဒီယိုရိုက်ကူးချက်နှင့် ဗီဒီယိုကူးယူချက်များလည်းပါဝင်သည်။

(ဂ) ဗီဒီယိုလုပ်ငန်းလိုင်စင်ဆိုသည်မှာ ဤဥပဒေအရ ဗီဒီယိုလုပ်ငန်း အမျိုးအစားတစ်ခုခုအတွက် ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ"ဥပဒေပုဒ်မ ၃၂ (က) အရ လုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" အခန်း(၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် ဖော်ပြထားပြီးဖြစ်သဖြင့် အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်ထား၍ လုပ်ငန်းလိုင်စင်ရရှိမှသာ လုပ်ကိုင်ရမည်ဖြစ်ပါသည်။

(က) ဗီဒီယိုထုတ်လုပ်ခြင်းလုပ်ငန်း

(ခ) ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်း

(ဂ) ဗီဒီယိုတည်းဖြတ်ခြင်းလုပ်ငန်း

(ဃ) ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း

(င) ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်းလုပ်ငန်း(လက်လီ သို့မဟုတ် လက်ကားရောင်းချခြင်းပါ ပါဝင်သည်။)

(စ) ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း

(ဆ) ဗီဒီယိုပြသခြင်းလုပ်ငန်း (ကာရာအိုကေသီဆိုခြင်းလုပ်ငန်းများပါ ပါဝင်ပါသည်။)

၃။ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအရ လုပ်ကိုင်သောသူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် "ဥပဒေပုဒ်မ ၃၂(ခ)၊ ၃၃ (ခ) အရ အောက်ပါပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" ဖော်ပြထားပြီးဖြစ်ပါသည်။

(က) ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုသောကိစ္စရပ်မှအပ ဗီဒီယိုဆင်ဆာလက်မှတ်နှင့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

(ခ) ဗီဒီယိုထုတ်လုပ်ခြင်း သို့မဟုတ် ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်း လုပ်ငန်းလိုင်စင်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိပြီးသော ဗီဒီယိုတိပ်ခွေကို စီးပွားရေးအလို့ငှာ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း။

၄။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ အထက်ဖော်ပြပါ တားမြစ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ဗီဒီယိုလုပ်ငန်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့်မသမာမှုများ များပြားလာသည့်အတွက်ကြောင့် ဗီဒီယိုနှင့်ပတ်သက်သည့် လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာလုပ်ကိုင်ရန်နှင့် လိုက်နာလုပ်ကိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ။

မော်လမြိုင်ဓမ္မရက္ခိတမိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

မော်လမြိုင်မြို့ တောင်ဝိုင်းရပ် မေတ္တာလမ်း ဓမ္မရက္ခိတ မိုးကုတ်ရိပ်သာကြီးတွင် နှစ်စဉ်ကျင်းပသော အကြိမ်(၃၀)မြောက် မိုးကုတ်တရား စခန်းပွဲတွင် ရန်ကုန်တိုင်း ဒေါပုံ နတ်စင်ကုန်းကျောင်းတိုက် နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်မာနိတနှင့် လှူမှုထူးချွန်(တတိယဆင့်)နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ မော်လမြိုင်ဆရာတော် ချင်းတွင်းအရှင်ကလျာဏတို့မှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် ဒီဇင်ဘာ၂၇ရက် (စနေနေ့) ညနေ၅နာရီအရောက် ကြွရောက်ပါရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ရာသက်ပန်ငွေပဒေသာပင်တို့ကို လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

လုပ်ငန်းခွင်ဝင် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂၂

Decent Computer Center မှ ကွန်ပျူတာ သင်တန်းများကို နည်းစနစ်ကျနစွာဖြင့် သင်ကြားပေးလျက်ရှိသည်။ လုပ်ငန်းခွင်ဝင် ကွန်ပျူတာ Course များဖြစ်သော Office Application, DTP, Graphic စက်ကို ကိုယ်တိုင်ပြင်ဆင်လိုသူများနှင့် System Administrators များအတွက် Hardware & System Administration သင်တန်း၊ Auto CAD, Web Design, Linux (Red Hat) Networking နှင့် Programming Course များကို နည်းစနစ်ကျစွာဖြင့် သက်ဆိုင်ရာဘာသာရပ်အလိုက် စာမေးပွဲများစစ်ပေးပြီး သင်ကြားပေးသည်။

အသေးစိတ်အချက်အလက်များကို အမှတ် ၉၉၊ ဦးချစ်မောင်လမ်းနှင့် အာဇာနည်လမ်းထောင့်၊ မင်းလမ်းမှတ်တိုင်အနီး၊ ဗဟန်း၊ ရန်ကုန် ဖုန်း– ၇၂၂၇၅၁၊ ၅၄၁၇၅၂သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကြည့်ရှုအားပေး

ဒီဇင်ဘာ ၂၀ ရက်က စတုတ္ထအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ သမားစဉ်ဆက် ဆေးဝါးများ ထက်မြက်စိန်ဘယက် တိုင်းရင်းဆေးပြခန်း၌ ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ညှိနှိုင်းဈေးဖြင့်ရောင်းမည်

လက်ရှိအသုံးပြုနေသော ပစ္စည်းများ

၁။ Lap Top Computer၊ Acer-Travel Mate 283Lc P.4 2.0GHZ(M),256 MB၊ 40 GB,DVD+CDRW,15'TFT 56 K Modem,WIN x P

၂။ Lap Top Sony,VAIO,PCG-F x 150၊P 3-750 MHZ, 128 MB 20GB,DVD-ROM, 15'TFT၊ 56 K Modem, WIN xP

၃။ ဆိုနီဒီဂျစ်တယ် ဗီဒီယိုကင်မရာ ၊TRV -22(NTSC)

၄။ Ex-CDRW ၊8 x 4 x 32

၅။ Hand Phone (ဆိုနီ Ericsson)၊ T310 + Mobil ကင်မရာ

ဆက်သွယ်ရန်ဖုန်း-၅၇၀၃၇၆။







ခရုသင်းခြောက်မျိုးအထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန် ခုနစ်မျိုးတို့ကို ကုသပေးနေပြီ ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များသိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ဘုမ္မရာဇာ၊ ဆင်တုံးမန္တယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်။

နေရောင်လင်းဆေးတိုက် အမှတ် ၃၇၊၂ ဇင်ယော်လမ်း၊ ၁၄/၂ ရပ်ကွက်၊ မြင်သာအိမ်ရာ(၂)၊ တ/ဥက္ကလာပ၊ ရန်ကုန်မြို့

နှစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဗိုလ်မှူးတင်ထွန်းအောင်

ချစ်သော'ကို' ဗိုလ်မှူးတင်ထွန်းအောင် ကွယ်လွန်ခဲ့သည်မှာ ၂၃-၁၂-၂၀၀၃ရက်တွင် နှစ်နှစ်ပြည့်ခဲ့သော်လည်း တစ်နေ့မှ မမေ့မရပါ၊ 'ကို'အတွက် ရည်စူး၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့သည်ကို ရောက်ရာဘုံဘဝမှ သာဓု အနုမောဒနာ ခေါ်နိုင်ပါစေ။

အမျှ-အမျှ-အမျှ

ချစ်ဇနီး'မိုး' ကျောက်ဖြူပညာရေးကောလိပ်။

ကျေးဇူးတင်

ဦးပိုက်သိမ်း (၅၉)နှစ်

၇-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားသော အနန္တကျေးဇူးရှင်ဖခင်ကြီး ဦးပိုက်သိမ်း နာမကျန်းဖြစ်ချိန်မှစ၍ လာရောက်မေးမြန်းအားပေးကြသော ဆွေမျိုးရင်းချာမိတ်သင်္ဂဟများအား လည်းကောင်း၊ ကွယ်လွန်ပြီးနောက် မိသားစုနှင့်ထပ်တူထပ်မျှကြေကွဲစွာဖြင့် ကိုယ်ရောစိတ်ပါ လာရောက်အားပေးနှစ်သိမ့်ကူညီကြသော ဆွေမျိုးရင်းချာ ရပ်မိရပ်ဖမိတ်ဆွေသင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ Golden Light Industry Co.,Ltd၊ စက်မှုနှင့်အသက်မွေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ကျောင်းအုပ်များနှင့် ဝန်ထမ်းမိသားစုများ၊ မော်လမြိုင်နှင့် အင်းစိန် အစိုးရနည်းပညာကောလိပ်မှ ဆရာများနှင့် ကျောင်းသားဟောင်းများ၊ သရက်အသင်းသူအသင်းသားများနှင့် အလက(၁) သရက် ကျောင်းသားဟောင်းများအား လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေး နှစ်သိမ့်ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးရင်းချာမိတ်ဆွေသင်္ဂဟအပေါင်းတို့အား ကျေးဇူး တင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မဆဲမ်ဆုန်၏ နိုင်ငံကူး လက်မှတ် အမှတ်-၃၈၈၉၈၇ သည် ၁၇-၁၂-၂၀၀၃ရက်က ဗိုလ်ချုပ်ဈေး၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါ။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။
အမြန်ဆက်သွယ်ပါ။
အခန်း ၁၀၀၊ ၄လွှာ၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေ
c/o - ဖုန်း ၀၁-၅၄၉၆၀၇
၀၁-၅၅၇၇၃၁

အမည်ပြောင်း

ဝါးခယ်မမြို့ မင်းပိုင်းရပ်ကွက် ဦးစိုးငြိမ်း၏သား အထက(၁) အင်္ဂမ တန်း(က)မှ မောင်ငြိမ်းထက်စိုးအား မောင်ဟိန်းနိုင်စိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းနိုင်စိုး**

အမည်ပြောင်း

အဖ ဦးတင်ထွန်းစိုး၏ သမီး အထက(၇) ပုသိမ် ဒုတိယတန်းမှ မရည်မွန်စိုးအား ယနေ့မှစ၍ မရည် ရည်မွန်ဟုခေါ်ပါရန်။

မရည်ရည်မွန်

ဝမ်းနည်းကြေကွဲခြင်း

မပန်းဖွေး

အသက်(၁၉)နှစ်

မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးကိုကိုတင်-ဟာဂျီမဒေါ်တင်တင်အေး (ပါမောက္ခ သတ္တဗေဒဌာန၊ ရန်ကုန် တက္ကသိုလ်) တို့၏သမီးထွေးသည် ၆-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အုပ်ချုပ်မှုကော်မတီ
ဗိဝိတဒါနသံဃာ့ဆေးရုံ
ညောင်လေးပင်မြို့။

အများသိစေရန်ကြေညာခြင်း

သီချင်းခွေထုတ်လုပ်သူ ဒေါ်အေးသစ္စာနှင့်သီချင်းသီဆိုသူ ဒေါ်လင်းလက်ထွန်း(ခ)တွင်ကယ် ၁၂/အစန(နိုင်)၁၈၇၄၃၀ တို့သည် "အပိုင်ရမှပေးမယ်" စီးရီးခွေထုတ်လုပ်မှုနှင့်ပတ်သက်၍ ၅-၈-၂၀၀၃ရက်စွဲဖြင့် နှစ်ဦးသဘောတူ ကတိစာချုပ် ချုပ်ဆိုထားပါသည်။ အဆိုပါ "အပိုင်ရမှပေးမယ်"စီးရီးခွေအား ထုတ်လုပ်သူ ဒေါ်အေးသစ္စာမှ ဆက်လက်ထုတ်လုပ်သွားမည် ဖြစ်ပါသဖြင့် အခြားသူနှင့်ထုတ်ခွင့်မပြုပါ။ ကတိစာချုပ်အပိုဒ်(၇၊၈)အရ ဒေါ်အေးသစ္စာ၏ ခွင့်ပြုချက်ရယူမှုမရှိဘဲ အဆိုပါစီးရီးခွေကို ထုတ်လုပ်ပါက တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်အေးသစ္စာ ၁၂/မရက(နိုင်)၁၂၈၆၄၄ ၏

လွှဲအပ်ညွှန်ကြားချက်များအရ-

ဒေါ်တင်တင်ရီ (LL.B)
တရားရုံးချုပ်ရှေ့နေ
မ/၅၄၊ မင်းရဲကျော်စွာလမ်း
ဝေဘာဂီမြို့သစ်၊ မ/ဥက္ကလာပ
ရန်ကုန်မြို့။

အမွေစား၊အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးတင်ထူး ၁၂/လမန(နိုင်)၁၂၁၆၆၇နှင့် ကျွန်မ ဒေါ်တင်တင် ၁၂/လမန(နိုင်)၁၁၂၈၉၃ တို့၏ ဒုတိယသားဖြစ်သူ မောင်ရဲအောင် ၁၂/လမန(နိုင်) ၁၂၁၄၉၀သည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်းတို့ကြောင့် အမွေစား အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးတင်ထူး ၁၂/လမန(နိုင်)၁၂၁၆၆၇
ဒေါ်တင်တင် ၁၂/လမန(နိုင်)၁၁၂၈၉၃

အမည်မှန်

အထက တာချီလိတ် ဆဋ္ဌမတန်း(က)မှ ကျောင်းဝင်အမှတ်(၁၃၈၈၈) နန်းအင်ခမ်း၏ အမည်မှန်မှာ နန်းအင်ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၅-၁၉၈၉ ဖြစ်ပါကြောင်း။

အမြန်ဝယ်ယူလိုသည် Bulldozer

မြေထိုးစက်(Cater Pillar Komatsu) ဝယ်လိုပါသည်။ ရောင်းချလိုသူများ တိုက်ရိုက်ဆက်သွယ်ပါရန်။

မြန်မာမန္တလေးကုမ္ပဏီလီမိတက်
မန်းမြန်မာဆောက်လုပ်ရေး
၂၅လမ်းနှင့်
၈၄လမ်းထောင့်၊
မန္တလေးမြို့။
ဖုန်း-၀၂-၆၅၇၂၇၊
၀၉-၂၀၀၀၁၁၇

မွေးသက္ကရာဇ်အမှန်

အထက တာချီလိတ် ဆဋ္ဌမတန်း(စ)မှ ကျောင်းဝင်အမှတ်(၁၃၈၉၃) နန်းဝိုးဟွမ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁၁-၁၉၉၂ ဖြစ်ပါကြောင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၉က/၆၈၀၄ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးထွန်းစိန်
အသက်(၈၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် ၈၇ နေ (ဦးကြင်-ဒေါ်စောခင်)တို့၏သား၊ (ဦးရွှေမြ-ဒေါ်စောလှ)တို့၏ သားသမက်၊ ဒေါ်ကြည်လှိုင်၏ခင်ပွန်း၊ ဦးမြင့်စိုး(C/O Monsoon)-ဒေါ်ခင်အေး၊ (ဒေါ်ခင်ရွှေ)၊ ဦးမောင်မောင်လတ်-ဒေါ်ချိုချို၊ ဦးဖုန်းမြင့် (အလုပ်ရုံစိတ်မှူး၊ မြန်မာ့မီးရထား)-ဒေါ်မြမြဝင်း၊ ဦးဝင်းနိုင်(2/O Uniteam)-ဒေါ်လှလှဝင်း၊ ဦးပြည်စိုး-ဒေါ်မြင့်မြင့်သိန်းတို့၏ ဖခင်၊ ကိုဇော်ဦး(ခေတ္တ-စင်ကာပူ)၊ မခင်စန္ဒီစိုး (Seng Int'l Co., Ltd.)၊ မမေသူထွန်း (ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်)၊မောင်စည်သူအောင်(2nd Yr, Eco)၊မောင်သက်နိုင်ထွန်း၊မောင်အောင်ကျော်စွာ(ထ-၆၊ အလုံ)၊ မဆုမွန်လတ်(ထ-၆၊ အလုံ)၊ မောင်ရန်အောင်နိုင်(ထ-၆၊ အလုံ)၊ မောင်ဇင်မင်းမောင်(ထ-၆၊အလုံ)၊ မောင်ဇေယျာလင်းတို့၏ အဘိုးသည် ၂၂-၁၂-၂၀၀၃ရက် နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၀၃ရက်တွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါက်တာမျိုးအောင်
(ကတိုး၊ကော့နပ်)
ဆရာဝန်ချုပ်(ငြိမ်း)
မြန်မာ့မီးရထား
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ် ၅၂၃ နေ (ဦးအောင်-ဒေါ်ဖြူ)တို့၏သား၊ ဒေါ်နုနုစန်း၏ ခင်ပွန်း၊ သားသမီး ခြောက်ယောက်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၂-၁၂-၂၀၀၃ရက် နံနက် ၉း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ အစ္စာရ်နမာဇ်အပြီးတွင် ရေဝေး ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကိုဇာလီသွင်
ဘူမိဗေဒကျောင်းသားဟောင်း (84-88)
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၁၊ ရိပ်သာလမ်း၊ တိုက်(က)၊ အခန်း ၄၀၄ နေ (ဦးမြသွင်)-ဒေါ်အမာခင်(ခ)ဒေါ်တင်မိမိတို့၏ တစ်ဦးတည်းသောသား၊ ဒေါ်အမာရီ၏တူ၊ ဦးဇော်ဝင်း၊ ဒေါ်တင်မီသွင်တို့၏ မောင်လေး၊ ဦးဆင့်ပို (ကညန) - ဒေါ်တင်နန္ဒာ (ကညန)၊ ဒေါ်ခင်နန္ဒာတို့၏မောင်သည် ၂၂-၁၂-၂၀၀၃ရက် ညနေ ၃နာရီတွင် မိုးမခအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၃ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မခင်ရွှေရီ(ခ)မငယ်
အသက်(၄၁)နှစ်

သံတွဲမြို့၊ ရွှေဆံတော်ဘုရားလမ်းနေ (ဦးထွန်းတင်)-ဒေါ်ဝိုင်းတို့၏ သမီး၊ ကိုမြင့်-မမုံကြီး၊ ကိုသန်းထွန်း-မပေါက်၊ ကိုမောင်လေးတို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် ၄၁၄၊ လေးလွှာနေ ကိုစိုးနိုင်၏ဇနီး၊ ဦးညွန့်မောင်-ဒေါ်ကြင်ငွေတို့၏သမီးချွေးမ၊ မောင်ဘုန်းမြတ်သွေး၊ မပိုးမြတ်သွေးတို့၏မိခင်သည် ၂၂-၁၂-၂၀၀၃ရက်(တနင်္လာနေ့)တွင် သံတွဲမြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဗိုလ်မှူးရဲခင် (ငြိမ်း) (သန်လျင်မြို့)
ဗိုလ်သင်တန်းအပတ်စဉ်(၄)
(နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)(မော်ကွန်းဝင်ပထမဆင့်)
ရန်ကုန်တိုင်း၊ တိုင်းဦးစီးမှူး(ငြိမ်း)၊ ကုန်သွယ်ရေးဝန်ကြီးဌာန
အသက်(၈၄)နှစ်

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်နေ ဦးဖိုးရင်-ဒေါ်လေးရှင်တို့၏သား၊ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ (ဒုတိယဗိုလ်မှူးကြီးလှမြင့်)-ဒေါ်သန်းမြင့်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် ၄၆၊ ပင်လုံရိပ်မွန်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးကိုကိုအောင်-ဒေါ်မိမိခိုင်၊ ဒေါ်သူဇာတို့၏ဖခင်၊ ကိုသန့်မြတ်ဦး-မဖြူဖြူသင်းဝေ၊ ကိုရဲမြတ်ထူးတို့၏အဘိုး၊ မောင်ကျော်ဇင်ဟိန်း(စံပြ မူကြို)၊ မောင်ကောင်းခန့်ဇော်တို့၏ဘိုးဘိုးကြီးသည် ၂၂-၁၂-၂၀၀၃ရက် ည ၇ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၃ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်ဟုန်
အသက်(၈၄)နှစ်

(ဦးတင်နာ-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးလှကြွယ်)၊ (ဒေါ်ကျင်သန်း)တို့၏အစ်မ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နံ့သာလမ်း၊ အမှတ် ၈၄ နေ (ဦးဘာဘာ)၏ဇနီး၊ ဦးသန်းနိုင်(မြန်မာ့ဆိပ် ကမ်းအာဏာပိုင်)-မမြင့်မြင့်ဝေ၊ ဦးခင်မောင်စိုး(MPPE၊ ငြိမ်း)-ဒေါ်ခင်စန်းဝင်း(ဌာနခွဲမှူး၊MPPE)၊ ဦးကံညွန့်(ဒု-ထုတ်လုပ်ရေးမှူး၊ ငြိမ်း)၊ ဦးအောင်ခင် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဒေါ်တင်တင်အေး(ဌာနစုမှူး၊ MPPE)၊ ဒေါ်ဝင်းဝင်းမော်(ဒု-ဦးစီးမှူး၊ ပြန်/ဆက် ရုံးချုပ်)၊ ဦးကျင်စိန်(2/O)-ဒေါက်တာမူမူသန်း (လ/ထ ဆရာဝန်၊ C.W.H)တို့၏မိခင်၊ မြေးဦး မခင်မြတ်ဇင်(ပါရဂူသင်တန်းသူ၊ Engineering Maths, M.I.T)နှင့် မြေး ၁၁ ယောက်တို့၏အဘွားသည် ၂၂-၁၂-၂၀၀၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၈၄၊ နံ့သာလမ်း၊ အလုံမြို့နယ် နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်ကြည် (အငြိမ်းစားဓာတုဗေဒပါမောက္ခ၊ မန္တလေးတက္ကသိုလ်)
အသက်(၇၁)နှစ်

အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဆရာ ၁၇-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။ ဆရာ ကောင်းရာသုဂတိဘုံရောက်ပါစေ။ **တပည့် ဝင်းမြင့်(ဒုတိယညွှန်ကြားရေးမှူး၊ သုတေသန)၊ စန်းစန်းယု(ကထိက)။**

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်မေရီ(ခ)
နော်မေရီအင်ဒရူး (တောင်ငူ)
နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
အသက်(၇၃)နှစ်

တိုက် ၃၆၅၊ အခန်း ၃၊ အနောက်ရန်ကင်းနေ (စောအင်ဒရူး-နော်လီလီ)တို့၏သမီး၊ (စောပရန်စစ်အင်ဒရူး)-ဒေါ်နော်ဆာမူးတို့၏ညီမ၊ တူ တူမ ရှစ်ယောက်၊ မြေး ၁၀ ယောက်တို့၏ အဖွားသည် ၂၂-၁၂-၂၀၀၃ရက် ည ၇း၄၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်ဉာဏ်
(တောင်တွင်းကြီး)
မြို့နယ်ပညာရေးမှူး (ငြိမ်း)
အသက်(၇၀)

မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ မနောကုန်းရွာ(ဦးဘထွန်း-ဒေါ်မွေးတင်)တို့၏ သား၊ သန်လျင်မြို့၊ အမှတ် ၉၊ ထန်းပင်ကုန်း ၆ လမ်းသွယ်နေ ဒေါ်လှလှ၏ ခင်ပွန်း၊ ဒေါ်နွဲ့နွဲ့အောင်၊ ဦးမျိုးညွှန့်အောင်၊ ဦးညီညီအောင်-ဒေါ်နုနုလွင်၊ ဒေါ်အေးအေးအောင်၊ ဒေါ်ထွေးထွေးအောင်တို့၏ဖခင်သည် ၂၂-၁၂-၂၀၀၃ ရက် နံနက် ၃း၄၀ နာရီတွင် ဆာကူရာဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၃-၁၂-၂၀၀၃ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်လွင်
(ရေနံချောင်းမြို့)
အသက်(၄၉)နှစ်

ရေနံချောင်းမြို့၊ တွင်းကုန်းရပ်နေ ဦးရွှေသောင်-ဒေါ်ခင်မြင့်တို့၏သားကြီး၊ ဦးကိုကြီး-ဒေါ်မမလေးတို့၏ သားသမက်၊ ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ်၊ တိုက်အမှတ် ၂၄၊ အခန်း ၀၀၃၊ ယုဇနဥယျာဉ်မြို့တော်နေ ဒေါ်စိုးစိုးလွင် (လွင်အကျိုးဆောင်လုပ်ငန်း)၏ ခင်ပွန်း၊ မသန္တာလွင်လွင်၏ဖခင်သည် ၂၂-၁၂-၂၀၀၃ရက်(တနင်္လာနေ့)နံနက် ၉ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်အမီနာ(ခ)ဒေါ်မြမေ
(နတ်တလင်း)
အသက်(၁၀၈)နှစ်

ပဲခူးတိုင်း၊ နတ်တလင်းမြို့၊ ဓိုးကုံးကလေးလမ်းနေ (ဟာဂျီ ဦးရာရှစ်)၏ ဇနီး၊ (ဦးမူခလွတ် - ဒေါ်အမိဇာ)၊ (ဦးတော်ဇံ)-ဒေါ်အေးတင်၊ (ဦးစူးမြား-ဒေါ်အပိန်)၊ ရန်ကုန်မြို့၊ မြေနီကုန်း၊ ဗိုလ်မိုးလမ်း၊အမှတ် ၁၆ နေ အလ်ဟာဂျ် ဦးဟာကင်း-အလ်ဟာဂျ် ဒေါ်ဇော်ဒါ(ခ) ဒေါ်စန်းမြင့်တို့၏မိခင်၊မြေး ၁၉ယောက်၊ မြစ် ၅၅ ယောက်၊ တီ ၂၅ ယောက်တို့၏အဘွားသည် ၂၁-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့)နံနက် ၂ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်အမီနာ(ခ)ဒေါ်မြမေ
(နတ်တလင်း)
အသက်(၁၀၈)နှစ်

ရန်ကုန်မြို့၊ မြေနီကုန်း၊ ဗိုလ်မိုးလမ်း၊ အမှတ် ၁၆ နေ အလ်ဟာဂျ် ဦးဟာကင်း - အလ်ဟာဂျ် ဒေါ်ဇော်ဒါတို့၏ မိခင်၊ ဒေါ်စီစီပွင့်ရွှေလင်း(မင်္ဂလာဈေး)၊ ဦးဝင်းနိုင်-ဒေါ်တင်တင်၊ မခင်မာညို၊ မမာမာဝင်း (ပွင့်ရွှေလင်း၊ မင်္ဂလာဈေး)၊ ကိုကျော်ကျော်နိုင်၊ ကိုခင်ဇော်-မမာမာနိုင်(ပွင့်ရွှေလင်း၊ တာယာဆိုင်)တို့၏ အဘွားသည် ၂၁-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့)နံနက် ၂ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသိုင်း
(သဖန်းရွာ၊ဘုတလင်)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ ၉ လမ်း၊ အမှတ် ၅၅၇(ခ)နေ ဒေါ်သောင်းကြည်၏ခင်ပွန်း၊ ကိုအောင်ခင်၊ ကိုခင်မောင်ထွန်း၊ ကိုဇော်ခင်ထွန်း(ခ)ကိုဇော်ကြီး၊ ကိုထွန်းအောင်ဇော်-မအေးစန္ဒာတို့၏ ဖခင်သည် ၂၁-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးညို (အောင်လံ)
အသက်(၈၉)နှစ်

အောင်လံမြို့နယ်၊ မောင်းမလှုပ်ရွာ (ဦးထွန်းစိန်-ဒေါ်မင်းထွေး)တို့၏ သားကြီး၊ (ဦးမြခဲ-ဒေါ်ဟံသိုက်)တို့၏ သားသမက်၊ ဒေါ်ပျို၏ခင်ပွန်း၊ (ဒေါ်ထွားလှိုင်)၊ ဒေါ်ထွားကြိုင်တို့၏ အစ်ကို၊ ဒေါ်ဝိုင်းကြည်၊ဒေါ်ညိမ်းအေး၊ဒေါ်သိက္ခာစာရီ၊ဒေါ်အရိယာနန္ဒီ(လယ်တီကမ္မဋ္ဌာနာစရိယ၊သာရဝေါ သီလရှင်စာသင်တိုက်)၊ မောင်မြင့်ကျော်တို့၏ဖခင်၊ မြေး ကိုးယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးသည် ၂၁-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့) ည ၁၀း၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (သာရဝေါ သီလရှင်စာသင်တိုက်၊ ဗဟန်း ၁ လမ်းမှ ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောကံထွန်း
(Saw Kan Tun)
လဝကဦးစီးမှူး(ငြိမ်း)
အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သိန္ဓီလမ်း၊အမှတ် ၂၈၊ လေးလွှာနေ(ဦးစောရွှေဂင်း-နော်ပန်းဝေ)တို့၏သားကြီး၊ (စောမောင်စိုး-နော်ဖွားခင်)တို့၏ သားသမက်၊ (စောထွန်းကျော်)-နော်အယ်နာထွန်းကျော်၊ စောတင်မောင်ထွေးတို့၏အစ်ကိုကြီး၊ စောလေးဒိုထူး(World Vision Myanmar)၊ နော်အယ်သီထူး (Myanmar May Flower Bank)၊ စောအင်ဒြူးသန်း(KMD)တို့၏ဖခင်၊ နော်မြင့်မြင့်စိုး၏ခင်ပွန်းသည် ၂၂-၁၂-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါ၍ ၂၃-၁၂-၂၀၀၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကြည့်မြင်တိုင် စမ်းချောင်း၊ ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားရှိခိုးကျောင်း(သိန္ဓီလမ်း ကြည့်မြင်တိုင်)တွင် ဝတ်ပြုပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်ခင်မေမြင့်
(ကျုံမငေး)
အသက်(၆၇)နှစ်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ (၅/၈)ရပ်ကွက်၊ နီလာလမ်း၊ အမှတ် ၂၆၈(က)နေ (ဦးဘစိန်-ဒေါ်ငွေစိန်) တို့၏သမီး၊ (ဦးဘထယ်-ဒေါ်လှရွှေ) တို့၏သမီးချွေးမ၊ ဦးခင်ညွှန့်၏ဇနီး၊ မောင်နေဝင်းမြင့်-မမိုးစန္ဒာ၊ မောင်သန့်စင်တိုး-မမိုးနီလာ၊ မောင်အောင်နိုင်မိုး-မမိုးသန္တာ၊ မောင်ဇော်ဝင်းထွဋ်-မမိုးဥမ္မာ၊ မောင်သိန်းသန်းစိုး-မမိုးသီတာ၊ မောင်ဇော်မိုးထွန်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၂-၁၂-၂၀၀၃ရက် နံနက် ၅း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နှင်းလှိုင်
(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)
(ကျောက်တန်း၊ သန်လျင်)
အသက်(၆၂)နှစ်

ကျောက်တန်းမြို့နေ (ဦးကံထူး-ဒေါ်အေးဆင်)တို့၏သမီး၊ သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ တိုက် ၂၊ အခန်း ၁၀ နေ ဦးညွှန့် (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ဇနီး၊ ဗိုလ်ကြီးချမ်းသာ-မကြည်ကြည်ခိုင်(MIT)၊မောင်စောလွင်မောင်-မစိုးမိုးထွေး၊ မစုစုလှိုင်(MIT)၊ မောင်သက်တင်အောင်တို့၏မိခင်သည် ၂၂-၁၂-၂၀၀၃ရက် မွန်းလွဲ ၁၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှသန်လျင်ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းခမည်းတော်၊ရဟန်းဒါယကာ
ဦးအိ
အသက်(၈၉)နှစ်

ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ်၊ ဗိုလ်တထောင်၊ ကျိုက်ဒေးအပ်စေတီတော် ဩဝါဒါစရိယ၊ မြို့နယ် ဩဝါဒါစရိယ၊ ပရိယတ္တိကျောင်း ဆရာတော် ဘဒ္ဒန္တ မာလာဝံသ၏ ရဟန်းခမည်းတော်၊ ရဟန်းဒါယကာ၊ ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ စကားဝါပင်လမ်းထိပ်၊ အမှတ် ၂၀၇နေ (ဒေါ်တဆုပ်)၏ခင်ပွန်း၊ ဦးတင်သောင်း (ဆသရ၊ ငြိမ်း)-(ဒေါ်တင်တင်အုန်း)၊ (ကိုစံတူး)-မဝါဝါ၊ ကိုအေးမြင့်-မသန်းထွေး၊ ကိုသန်းထွန်းအေး၊ မနှင်းယုမော် (ပန်းလှိုင် ဂေါက်ကွင်း)တို့၏ ဘကြီး၊ ဦးကျော်မင်း (ဆသရ၊ အဝေးဆက်)၊ ဒေါ်အိစန်း (ချောသယ်ဌာန၊ ဆသရ၊ ရန်ကုန်)၊ ဦးမြင့်စိုး(ရေနံဓာတု၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်း၊ ဦးဇော်ဝင်းထိန် (ဆသရ၊ ငြိမ်း)-ဒေါ်နွယ်နွယ် (ထ-၃၊ အင်းစိန်)၊ ဦးခင်ငြိမ်း(ဆသရ၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်း၊ ဦးလှရွှေ(တိုင်းရင်းဆေး)-ဒေါ်ဝေဝေမြင့်၊ကိုဘုန်းကြွယ် (ဆသရ၊ ငြိမ်း)၊ ဒေါ်ခင်ခင်ချိုတို့၏ ဖခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၂၀-၁၂-၂၀၀၃ရက် (စနေနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အုံးမြင့် (ပျဉ်းမနား)
(သားဖွားဆရာမကြီး)
အသက်(၈၇)နှစ်

ပျဉ်းမနားမြို့၊ ရန်အောင် ၁၊ မကျီးတောရပ်၊ အမှတ် ၁၃/၅၀ (က)နေ (ဦးဘိုးအောင်-ဒေါ်စိန်နှင်း)တို့၏သမီး၊ ဦးသိန်းတန်-ဒေါ်ခင်မေစီ(ဆရာမ၊ ငြိမ်း)တို့၏မိခင်၊ (ကိုအောင်သူ)-မခင်မြဝင်း၊ ကိုဝင်းဇော်-မသော်တာမြင့်၊ကိုနိုင်ကျော်အောင်-မမေခအောင်၊ ကိုအောင်မင်းနိုင်-မမီမီထွန်း၊ မမူမူအောင်၊ ကိုအေးမင်းသန့်-မဆွေဆွေခိုင်၊ မငြိမ်းငြိမ်းအိတို့နှင့် မြစ် ၁၀ ယောက်တို့၏အဘွားသည် ၁၉-၁၁-၂၀၀၃ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၀၃ရက်တွင် မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးသန်းရင်
အသင်းဝင်အမှတ်(၆၆၁)
အသက်(၆၇)နှစ်

ပုလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကံ့ကော်လမ်းနေ ဒေါ်အေးပိုင်၏ခင်ပွန်း ဦးသန်းရင်သည် ၂၀-၁၂-၂၀၀၃ရက်တွင်ကွယ်လွန်ပါ၍ ၂၂-၁၂-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

တက္ကသိုလ်မျိုးမြင့်
(B.A,H.G.P)
ရုပ်ရှင်သရုပ်ဆောင်၊ဒါရိုက်တာ
ဗလရုပ်ရှင်ထုတ်လုပ်ရေး
ရွှေဘိုဆောင်ကျောင်းသားဟောင်း
အသက်(၅၇)နှစ်

ကျွဲပွဲမြို့နေ(ဦးမွေး-ဒေါ်လှတင်)တို့၏သား၊(ကန်ထရိုက်တာ ဦးစိန်ဟန်-ဒေါ်တင်ရွှေ)တို့၏သားသမက်၊ ကျွဲပွဲမြို့နေ ဦးခင်မြ(အထက်တန်းကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ဦးစိုး-ဒေါ်စန်း (မင်္ဂလာဈေး)တို့၏ညီ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အမှတ် ၇၂၊ သစ္စာပန်းလမ်း ၂၉၊ တိုးချဲ့စက်မှုရပ်ကွက်နေ ဒေါ်ခင်ချောဟန် (ဗလရုပ်ရှင်ထုတ်လုပ်ရေး)၏ခင်ပွန်း၊ ဦးကဝိထွန်း (2/E F,G)-Susana၊ မနွေဝိုင်း (2nd year Eco)တို့၏ဖခင်၊ မြေး ဝသုန်ကမ္ဘာတည်ထွန်း၏ ဘိုးဘိုးသည် ၂၀-၁၂-၂၀၀၃ရက်(စနေနေ့)ညနေ ၅း၁၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဖိုးခိုင်
(တွံတေး)
အသက်(၈၇)နှစ်

မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ညောင်ညိုတောကျေးရွာနေ (ဦးသာဘွား-ဒေါ်ဆစ်တို)တို့၏သား၊ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းကြီးကျေးရွာနေ (ဦးဖိုးကူး-ဒေါ်စိန်တင်)တို့၏သားသမက်၊ တွံတေးမြို့၊ ဈေးသစ်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း (ခ-၄၂)နေ ဒေါ်သန်းချစ်၏ခင်ပွန်း၊ (ဦးမောင်အုံး)-ဒေါ်တင်ရွှေ၊ ဦးကျော်ငြိမ်း-(ဒေါ်ခင်အေး)၊ ဒေါ်လှလှနု၊ ဦးကျော်ကျော်-ဒေါ်အေးမြသိန်း၊ ဦးဝင်းထွန်း-ဒေါ်စန်းစန်းလွင်တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၁ ယောက်တို့၏ အဘိုးသည် ၂၁-၁၂-၂၀၀၃ရက် ညနေ ၅း၁၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၃-၁၂-၂၀၀၃ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင်အိုးဘိုသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးတင်ကြည်(ဘားအံမြို့)
အသက်(၇၉)နှစ်

ဘားအံမြို့၊အမှတ်(၁)ရပ်ကွက်၊ တန်းမြင့်ကျောင်းလမ်း၊မင်္ဂလာဝင်းမုန့်ဆိုင်နေ (ဒေါ်ခင်တင့်)၏ခင်ပွန်း၊ဦးမောင်ကြည်-ဒေါ်ခင်ထွေးရီ၊ ဒေါက်တာစိုးညွှန့်-ဒေါ်ခင်၊ ဦးမောင်မောင်အေး-ဒေါ်တင်တင်လွင်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၁-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၀၃ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှစက်ပစ်ကွင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအောင်သိန်း
(ဒလမြို့)
အသက်(၆၉)နှစ်

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ မြို့မ(၂)ရပ်ကွက်၊ အမှတ်၄၅ ၊ လမ်းသစ်လမ်းနှင့် လှိုင်မြို့နယ် (၃)ရပ်ကွက်၊ အေးရိပ်မွန် ၃ လမ်း၊တိုက်အမှတ်(၅)၊ အခန်း F(2)နေ (ဦးမောင်ဇင်-ဒေါ်မြရင်) တို့၏သား၊ ဒေါ်စိန်ကြည်၏ခင်ပွန်း၊(မသီသီအောင်)၊ မသွယ်သွယ်အောင်၊ မစီစီအောင်၊ ကိုဟန်ဝင်းအောင်-မမြင့်မြင့်ရီ၊ ကိုမင်းသူ-မဝါဝါအောင်၊ မောင်ကျော်စွာအောင်တို့၏ ဖခင်၊ မဝင်းစန္ဒာအောင်၊ မမြတ်ပွင့်ဖြူ၊ မယမင်းဝင့်ဝါတို့၏ အဘိုးသည် ၂၁-၁၂-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို ဂူသွင်းပါမည်။

(အေးရိပ်မွန် ၃ လမ်း နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် လည်းကောင်း၊ပန်းဆိုးတန်းဆိပ်ကမ်း သမ္ဗာန်ဆိပ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မသင်းသင်းဆွေ
B.Sc (Chemistry)
အထက(၂)ကမာရွတ်
ကျောင်းသူဟောင်း
အသက်(၃၁)နှစ်

ရန်ကုန်မြို့၊အမှတ် ၆၆၃၊မြကန်သာ(၁)လမ်း၊ ကမာရွတ်မြို့နယ်နေ ဦးမောင်မောင်ထွန်း(ခ)ဦးပီတာ-ဒေါ်ကျင်လှိုင်တို့၏ သမီးကြီး၊ ထီးတန်းအိမ်ရာနေ ဦးသောင်းလွင် (ဒုညွှန်မှူး၊ ထွေအုပ်၊ ငြိမ်း)-ဒေါ်သောင်းဆွေတို့၏သမီးချွေးမ၊ ဦးကျော်ကိုကိုလွင်၏ဇနီး၊ မောင်အောင်မင်းမြတ်၏မိခင်၊ မောင်သန်းထွဋ် (Myanmar DHL)၊ မောင်အောင်မင်းထွဋ်၊ မောင်ကျော်ညီညီလွင်-မသိမ့်သဥ္ဇာအောင်လင်း၊ မောင်အောင်မင်းသူတို့၏အစ်မသည် ၂၁-၁၂-၂၀၀၃ ရက် နံနက် ၁၀း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၀၃ ရက် နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၁၁၃၊ မန်နေဂျာ ၅၄၄၁၁၄၊ စာတည်းအဖွဲ့ ၅၄၄၁၀၉၊ စီမံ ၅၄၄၁၁၅၊ ငွေစာရင်း ၅၄၄၁၁၆၊ ဖြန့်ချိ ၅၄၄၁၁၇၊ ကြော်ငြာ ၅၄၅၈၁၄၊ ပုံနှိပ် ၅၄၄၁၁၈။ R. 488



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံဖွင့်ပွဲတက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းဖွင့်လှစ်ပေး လယ်ယာလုပ်ငန်းတွင်ထိထိရောက်ရောက်သုံးနိုင်သည့်စက်ပစ္စည်းများဖြစ်အောင်ထုတ်လုပ်ရန်လမ်းညွှန်မှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၂

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဘေးတွင် တည်ဆောက်ပြီးစီးသွားသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီ၄၅ မိနစ်တွင် အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်ချီးမြှင့်ပြီး စက်ရုံ၏ကမ္ပည်းမော်ကွန်းလွှာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

မြန်မာ့လယ်ယာသုံးစက်ကိရိယာ စက်ရုံဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ✡

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ၏ ကမ္ပည်းမော်ကွန်းလွှာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတထံစာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းဒေသတွင် လွန်ခဲ့သောရက် အနည်းငယ်အတွင်းက မြေပြိုခဲ့၍ အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စာနာထောက်ထားကြောင်း သဝဏ်လွှာကို ဖိလစ်ပိုင်နိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာဂါပါဂလ်အာရိုယို ထံသို့ ပေးပို့သည်။ (သတင်းစဉ်)

မကြာမီဖွင့်လှစ်တော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံကို ဒီဇင်ဘာ ၂၀ ရက်က တွေ့ရစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ယနေ့ထုတ်စောင်ရေ

၂၀၂၄၆၉

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါးနှင့်သမိုင်းပုံရိပ်လွှာ

မြန်မာ့တပ်မတော်(လေ) မှ သူရဲကောင်းစစ်သည် ဗိုလ်ပီတာ။

"မြန်မာ့တပ်မတော်သည် ပြည်ထောင်စုကို ဖြိုခွဲရန် ခြိမ်းခြောက်လာသော ပြည်ပတပ်များ၏ ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှုကို တိုင်းရင်းသားပြည်သူတို့နှင့်လက်တွဲပြီး ကာကွယ်စောင့်ရှောက်ပေးနိုင်ခဲ့သည်။"

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး **"လွတ်လပ်ရေးကို ဤသို့ ထိန်းသိမ်းကာကွယ်ခဲ့ရသည်"**ကို စာမျက်နှာ (၈ နှင့် ၉) တွင် ဖော်ပြထားပါသည်။

(မြန်မာ့အလင်း)